ခဏတ်နှင့်ယှဉ်ကုန်သော၊ မျှောနဉ္ဇ၊ တရားတို့အားဇင်း။ ဇာတိယ
ပစ္စယေန၊ ဇာတိယ ပစ္စယ သတ္တိဖြင့်၊ ပစ္စယော၊ ကျေးဇူးပြု
တတ်သည်၊ ဟောတိ။ဖြစ်၏။ ။သောတာဇာတိယံ။ သောတဇာတိ
သည်၊ သောတဝိညာဏခဏတုယာစ၊ သောတဝိညာဏခဏတ်
အားဇင်း။ တံသမ္ပယုတ္တကာနံ။ ထိုသောတ ဝိညာဏ ခဏတ်
နှင့်ယှဉ်ကုန်သော၊ မျှောနဉ္ဇ၊ တရားတို့အားဇင်း၊ ဇာတိယပစ္စ
ယေန၊ ဇာတိယပစ္စယသတ္တိဖြင့်၊ ပစ္စယော၊ ကျေးဇူးပြုတတ်သည်၊
ဟောတိ၊ ဖြစ်၏၊ ။ဃာနဇာတိယံ၊ ဃာနဇာတိသည်၊ ဃာန
ဝိညာဏခဏတုယာစ။ ဃာနဝိညာဏခဏတ်အားဇင်း၊ တံသမ္ပ
ယုတ္တကာနံ၊ ထိုဃာန ဝိညာဏခဏတ်နှင့်ယှဉ်ကုန်သော၊ မျှော
နဉ္ဇ၊ တရားတို့အားဇင်း။ ဇာတိယပစ္စယေန၊ ဇာတိယပစ္စယသတ္တိ
ဖြင့်၊ ပစ္စယော။ ကျေးဇူးပြုတတ်သည်၊ ဟောတိ။ ဖြစ်၏၊ ။
ဇိဝှာဇာတိယံ၊ဇိဝှာဇာတိသည်၊ ဇိဝှာဝိညာဏခဏတုယာစ၊ ဇိဝှာဝိညာ
ဏ၊ ခဏတ်အားဇင်း။ တံသမ္ပယုတ္တ ကာနံ၊ ထိုဇိဝှာဝိညာဏ
ခဏတ်နှင့်ယှဉ်ကုန်သော၊ မျှောနဉ္ဇ၊ တရားတို့အားဇင်း၊ ဇာတိ
ယပစ္စယေန၊ ဇာတိယပစ္စယသတ္တိဖြင့်၊ ပစ္စယော၊ ကျေးဇူးပြု
တတ်သည်၊ ဟောတိ၊ဖြစ်၏။ ။ကာယဇာတိယံ၊ ကာယဇာတိ
သည်၊ ကာယဝိညာဏခဏတုယာစ၊ ကာယဝိညာဏ ခဏတ်
အားဇင်း၊ တံသမ္ပယုတ္တကာနံ၊ ထိုကာယဝိညာဏ ခဏတ်နှင့်
ယှဉ်ကုန်သော၊မျှောနဉ္ဇ၊ တရားတို့အားဇင်း။ ဇာတိယာပစ္စယေန၊

ဂုန်ဒြိယပစ္စယသတ္တိဖြင့်။ပစ္စယောကျေးဇူးပြုတတ်သည်။ဟောတိ၊ ဖြစ်၏။ ။ရူပဓိဝိတိန်ဒြိယံ၊ ရုပ်ဓိဝိတိန်ဒြိသည်၊ ကဒ္ဓတ္တာရူပါနံ၊ ကရုတ္တာရုပ်တို့အား။။ ဂုန်ဒြိယပစ္စယေန။ ဂုန်ဒြိယပစ္စယသတ္တိဖြင့်၊ ပစ္စယော၊ ကျေးဇူးပြုတတ်သည်၊ဟောတိ။ ဖြစ်၏။ ။ အာရုပိနော။နာမ်ရုပ်ဖြစ်ကုန်သော၊ဂုန်ဒြိယာ။ ဂုန်ဒြိတို့သည်။ ထံသမ္ပယုတ္တကာနံ။ထိုနာမ်ဂုန်ဒြိနှင့်ယှဉ်ကုန်သော၊ဓမ္မာနဉ္စ တရား တို့အား၎င်း။တံသမဋ္ဌာနာနံ။ နာမ်ဂုန်ဒြိလျင်ဖြစ်ကြောင်းရှိကုန်သော၊ရူပါနဉ္စ။ရုပ်တို့အား၎င်း။ ဂုန်ဒြိယပစ္စယေန။ ဂုန်ဒြိယပစ္စယသတ္တိဖြင့်၊ပစ္စယော၊ကျေးဇူးပြုတတ်သည်။ဟောတိ။ ဖြစ်၏။ ။

ဈာနပစ္စယောတိ၊ဈာနပစ္စယောဟူသည်ကား။ဈာနင်္ဂါနိ။ဈာန အင်္ဂါတို့သည်၊ ဈာနသမ္ပယုတ္တကာနံ၊ ဈာန်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊တရားတို့အား၎င်း။ တံသမဋ္ဌာနာနံ။ ထိုဈာန်အင်္ဂါလျင်ဖြစ်ကြောင်းရှိကုန်သော၊ရူပါနဉ္စ။ရုပ်တို့အား၎င်း။ဈာနပစ္စယေန၊ ဈာနပစ္စယသတ္တိဖြင့်၊ပစ္စ ယော။ကျေးဇူးပြုတတ်သည်၊ဟောတိ၊ ဖြစ်၏။ ။မဂ္ဂပစ္စယောတိ။မဂ္ဂပစ္စယောဟူသည်ကား။ မဂ္ဂင်္ဂါနိ မဂ္ဂင်တို့သည်။မဂ္ဂသမ္ပယုတ္တကာနံ၊မဂ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊တရားတို့အား၎င်း၊တံသမဋ္ဌာနာနံ၊ထိုမဂ်လျင်ဖြစ်ကြောင်း။ ရှိကုန်သော။ရူပါနဉ္စ။ရုပ်တို့အား၎င်း။ မဂ္ဂပစ္စယေန၊ မဂ္ဂပစ္စယ သတ္တိဖြင့်၊ပစ္စယော၊ကျေးဇူးပြုတတ်သည်၊ဟောတိ၊ ဖြစ်၏။ ။ သမ္ပယုတ္တပစ္စယောတိ၊ သမ္ပယုတ္တပစ္စယော ဟူသည်ကား၊ ။ ဧတ္ထစ၊ရော၊လေးပါးကုန်သော၊အာရုပိနော၊နာမ်ဖြစ်ကုန်သော။ ခန္ဓာ။ ခန္ဓာတို့သည်၊ အညမညံ။ အချင်းချင်း။ သမ္ပယုတ္တပစ္စယေန၊ သမ္ပယုတ္တပစ္စယသတ္တိဖြင့်၊ ပစ္စယော။ ကျေးဇူးပြုတတ်သည်၊ ဟောတိ၊ဖြစ်၏။ ။ဝိပ္ပယုတ္တပစ္စယောတိ။ ဝိပ္ပယုတ္တပစ္စယော၊ ဟူသည်ကား၊ ။ရူပိနော။ ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်၊အာရုပိနော၊ နာမ်ဖြစ်ကုန်သော၊ စိတ္တမဉ္စနံ။ တရားတို့အား။ ဝိပ္ပယုတ္တပစ္စယေန၊ ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့်၊ပစ္စယော။ ကျေးဇူးပြုတတ်သည်၊ဟောတိ။ဖြစ်၏။ ။အာရုပိနော၊နာမ်ဖြစ်ကုန်သော

ငမ္မာ၊တရားတို့သည်၊ရှုပါန်၊ရုပ်ဖြစ်ကုန်သော၊ဓမ္မာနံ၊ တရားတို့
အား၊ပိုင်ယုတ္တာပစ္စယေန။ဝိပ္ပယုတ္တာပစ္စယသတ္တိဖြင့်။ပစ္စယောကျေး
ဇူးပြုတတ်သည်။ဟောတိ။ဖြစ်၏။ ။

အတ္ထိပစ္စယောတိ၊ အတ္ထိပစ္စယောဟူသည်ကား၊ ၊ပထ္မာ
ရော။ လေးပါးကုန်သော၊ အရူပိနော။နာဝ်ဖြစ်ကုန်သော၊ ခန္ဓာ၊
ခန္ဓာတို့သည်။ဆည်မည်၊ အဲချင်းချင်း။ အတ္ထိပစ္စယေန၊ အတ္ထိ
ပစ္စယသတ္တိဖြင့်။ ပစ္စယော။ ကျေးဇူးပြုတတ်သည်။ ဟောတိ။
ဖြစ်၏။ ။စက္ခာရော၊လေးပါးကုန်သော။ မဟာဘူတာ၊ မဟာ
ဘုတ်တို့သည်၊အည်မည်ံ၊အဲချင်းချင်း။ အတ္ထိပစ္စဲယန၊ အတ္ထိ
ပစ္စယသတ္တိဖြင့်၊ ပစ္စယော၊ ကျေးဇူးပြုထတ်သည်။ ဟောတိ။
ဖြစ်၏။ ၊သြက်ကိန်ကျဝေ၊ပစ္စဝေါကာရပဋိသန္ဓေအခါ၌၊ နာမ
ရူပံနာဝ်ရုပ်တို့သည်၊ အည်မည်ံအချင်းချင်း။ အတ္ထိပစ္စဲယန။
အတ္ထိပစ္စယသတ္တိဖြင့်၊ပစ္စဲယော၊ကျေးဇူးပြုတတ်သည်၊ဟောတိ၊
ဖြစ်၏။ ၊စိတ္တာစေတသိကာ။ စိတ် စေတသိက်ဖြစ်ကုန်သော၊
ဓမ္မာ၊တရားတို့သည်၊ စိတ္တာသမုဋ္ဌာနာနံ၊ စိတ်လျှင်ဖြစ်ကြောင်း။
ရှိကုန်သော၊ရူပါန်၊ ရုပ်တို့အား၊ အတ္ထိပစ္စယေန။ အတ္ထိပစ္စယ၊
သတ္တိဖြင့်၊ပစ္စယော၊ကျေးဇူးပြုတတ်သည်၊ဟောတိ၊ ဖြစ်၏။ ၊
မဟာဘူတာ။ မဟာဘုတ်တို့သည်၊ ဥပါဒါရူပါန်၊ ဥပါဒါရုပ်တို့
အား၊အတ္ထိပစ္စယေန၊အတ္ထိပစ္စယသတ္တိဖြင့်၊ ဓမ္မယော၊ ကျေး
ဇူးပြုတတ်သည်။ဟောတိ။ဖြစ်၏။ ၊ဧကဘာယတနံ။ စက္ခာယတ
နသည်၊ စက္ခုဝိညာဏဓာတုယာစ၊ စက္ခုဝိညာဏဓာတ်အား
ငင်း။တဲ့သမ္မယုတ္တာကာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်
သော၊ဓမ္မာနဉ္စ၊တရားတို့အား၊ငင်း၊ အတ္ထိပစ္စဲယန အတ္ထိပစ္စယ
သတ္တိဖြင့်၊ပစ္စယော၊ကျေးဇူးပြုတတ်သည်၊ဟောတု၊ ဖြစ်၏၊ ၊
သောတယတနံ၊သောတာယတနသည်၊သောတဝိညာဏာဓာတု
ယာစ၊သောတဝိညာဏဓာတ်အား၊ငင်း၊တဲ့သမ္မယုတ္တာကာနံ၊ ထို
သောဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော၊ဓမ္မာနဉ္စ၊ တရား၊တို့အား
ငင်း၊ အတ္ထိပစ္စဲယန၊အတ္ထိပစ္စယသတ္တိဖြင့်၊ ပစ္စဲယော၊ကျေး

ဇူးပြုတတ်သည်။ဟောတိ၊ဖြစ်၏၊ ။ဃာနာယတနံ။ ဃာန ယတနသည်၊ ဃာနဝိညာဏဓာတုယာစ။ဃာနဝိညာဏဓာတ်အား ၎င်း။ တံသမ္မယုတ္တကာနံ။ ထိုဃာနဝိညာဏဓာတ်နှင့်ယှဉ်ကုန် သော၊ဓမ္မာနဉ္စ၊ တရားတို့အား၎င်း၊ အတ္ထိပစ္စယေန၊ အတ္ထိပစ္စ ယဆိုလို၏။ပစ္စယောကျေးဇူးပြုတတ်သည်။ဟောတိ၊ဖြစ်၏၊ ။ ဇိဝှာယတနံ၊ဇိဝှာယတနသည်။ဇိဝှာဝိညာဏဓာတုယာစ၊ဇိဝှာ ဝိညာဏဓာတ်အား၎င်း။တံသမ္မယုတ္တကာနံ၊ ထိုဇိဝှာဝိညာဏ ဓာတ်နှင့်ယှဉ်ကုန်သော။ဓမ္မာနဉ္စ၊ တရားတို့အား၎င်း။ အတ္ထိပစ္စ ယေန။အတ္ထိပစ္စယဆိုလို၏။ ပစ္စယော။ ကျေးဇူးပြုတတ်သည်၊ ဟောတိ၊ဖြစ်၏။

ကာယာယတနံ၊ကာယာယတနသည်၊ကာယဝိညာဏဓာတုယာစ။ ကာယဝိညာဏဓာတ်အား၎င်း။ တံသမ္မယုတ္တကာနံ။ ထိုကာယဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော၊ဓမ္မာနဉ္စ၊ တရားတို့အား ၎င်း။အတ္ထိပစ္စယေန။ အတ္ထိပစ္စယဆိုလို၏၊ ပစ္စယော၊ ကျေးဇူး ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏၊ ရူပါယတနံ၊ ရူပါယတန သည်။စက္ခုဝိညာဏဓာတုယာစ၊စက္ခုဝိညာဏ ဓာတ်အား၎င်း။ တံသမ္မယုတ္တကာနံ၊ ထိုစက္ခုဝိညာဏ ဓာတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ၊ တရားတို့အား၎င်း၊ အတ္ထိပစ္စယေန၊ အတ္ထိပစ္စယဆိုလို ဖြင့်၊ပစ္စယော၊ကျေးဇူးပြုတတ်သည်။ဟောတိ၊ဖြစ်၏၊ ။သဒ္ဒါ ယတနံ၊သဒ္ဒါယတနသည်။သောတဝိညာဏဓာတုယာစ။ သော တဝိညာဏ ဓာတ်အား၎င်း၊ တံသမ္မယုတ္တကာနံ၊ ထိုသောတဝိ ညာဏဓာတ်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ၊ တရားတို့အား၎င်း၊ အတ္ထိပစ္စယေန။ အတ္ထိပစ္စယဆိုလို၏။ပစ္စယောကျေးဇူးပြုတတ် သည်၊ ဟောတိ၊ဖြစ်၏၊ ဂန္ဓာယတနံ။ ဂန္ဓာယတနသည်၊ ဃာနဝိညာဏဓာတုယာစ။ဃာနဝိညာဏဓာတ်အား၎င်း၊ တံ သမ္မယုတ္တကာနံ။ ထိုဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ။တရားတို့အား၎င်း၊ အတ္ထိပစ္စယေန၊ အတ္ထိပစ္စယသတ္တိ ဖြင့်၊ ပစ္စယော၊ ကျေးဇူးပြုထတ်သည်။ဟောတိ၊ဖြစ်၏၊ ။ရ

သဘယတနံ။ ရသာယတနသည်၊ ဓိဂ္ဂါဒိညာဏဓါတုယာစ၊ဓိဂ္ဂါ
ဒိညာဏ ဓာတ်အားဂင်း။ တံသမွယုတ္တကာနံ၊ တိုဓိဂ္ဂါဒိညာဏ
ဓာတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ။ တရားတို့အားဂင်း။ အတ္ထိ
ပစ္စယေန၊ အတ္ထိပစ္စယသတ္တိဖြင့်၊ ပစ္စယော၊ ကျေးဇူ ပြုတတ်
သည်၊ဟောတိ ဖြစ်၏။ ဟောဋ္ဌာယတနံ၊ဟောဋ္ဌယတနာဉည်း၊
ကာယဒိညာဏ ဓာတုယာစ၊ ကာယဒိညာဏ ဓာတ်အားဂင်း။
တံသမွယုတ္တကာနံ ထိုကာယဒိညာဏဓာတ်နှင့်ယှဉ်ကုန်သော၊
ဓမ္မာနဉ္စ။တရားတို့အားဂင်း၊ အတ္ထိပစ္စယေန။အတ္ထိပစ္စယသတ္တိ
ဖြင့်၊ပစ္စယော၊ကျေးဇူးပြုတတ်သည်၊ ဟောတိ။ဖြစ်၏၊ ။ရူပါ
ယတနံ၊ရူပါယတနသည်၊သဒ္ဒါယတနံ။ သဒ္ဒါယတနသည်၊ ဂန္ဓာ
ယတနံ၊ ဂန္ဓာယတနသည်၊ ရသာယတနံ၊ ရသာယတနသည်။
ဖောဋ္ဌဗ္ဗာယတနံ။ ဖောဋ္ဌဗ္ဗာယတနသည်၊ မနောဓာတုယာစ။ မ
နောဓာတ်အားဂင်း၊ တံသမွယုတ္တကာနံ။ ထိုမနောဓာတ်နှင့်ယှဉ်
ကုန်သော၊ဓမ္မာနဉ္စ၊ တရားတို့အားဂင်း။ အတ္ထိ ပစ္စယေန၊အတ္ထိ
ပစ္စယသတ္တိဖြင့်၊ ပစ္စယော။ ကျေးဇူး ပြုတတ်သည်၊ ဟောတိ၊
ဖြစ်၏။ ။

ယံ ရူပံ၊အကြင်ဟဒယ၊ ဝတ္ထုရုပ်ကို၊ နိဿာယ။ပြု၍၊မနော
ဓာတုစ။ မနောဓာတ်သည်ဂင်း။ မနောဝိညာဏဓာတုစ။ မနော
ဝိညာဏ ဓာတ်သည်ဂင်း။ ပဝတ္တတိ။ ဖြစ်ကုန်၏၊ တံ ရူပံ။ ထိုဟ
ဒယဝတ္ထုရုပ်သည်၊ မနော ဓာတုယာစ။ မနော ဓာတ်အားဂင်း။
မနောဝိညာဏ ဓာတုယာစ၊ မနောဝိညာဏ ဓာတ်အားဂင်း၊ တံ
သမွယုတ္တကာနံ၊ ထိုမနောဓာတ်။ မနောဝိညာဏ ဓာတ်နှင့် ယှဉ်
ကုန်သော၊ဓမ္မာနဉ္စ၊ တရားတို့အားဂင်း၊ အတ္ထိ ပစ္စယေန၊ အတ္ထိ
ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူး ပြုတတ်သည်၊ ဟောတိ၊
ဖြစ်၏၊ ။

နဏ္ဍိ ပစ္စယောတိ၊ နတ္ထိ ပစ္စုပ္ပန်ဟာ ဟူသည်ကား။ အမနွှာရာ
နိဂုဠ်၊ကောင်းစွာအခြားမဲ့၌ဖြစ်၍ ချုပ်ကုန်ပြီး သား၊ စိတ္တေတ
ဆိကာ၊ စိတ်စေတသိတ် ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်၊

ပဒူ၂ပ္ပန္နဲာနံ။အကြောင်းကိုစွဲ၍ဖြစ်ကုန်သော။စိတ္တာစေတသိကာနံ။ စိတ္တာစေတသိက်ဖြစ်ကုန်သော၊ဓမ္မာနံ။ တရားတို့အား။ နတ္ထိ ပစ္စယေန၊ နတ္ထိ ပစ္စယသဘော်ဖြင့်၊ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ဖြစ်၏၊ ။ဝိဂတပစ္စယော တိ၊ဝိဂတာစ္စယောဟူသည်ကား၊ ။သမနန္တရဝိဂတ။ ကောင်းစွဲ၁ အခြားမဲ့ဖြစ်၍ ကင်းကုန်ပြီးသော၊စိတ္တာစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော၊ ဓမ္မာ၊တရားတို့သည်။ ပဒူ၂ပ္ပန္နာနံ၊ ပိမိသို့လိုက်၍ ဖြစ်ကုန်သော၊ စိတ္တာစေတသိကာနံ၊စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာနံ၊တရားတို့အား၊ဝိဂတပစ္စယေန၊ဝိဂတာပစ္စယသဘော်ဖြင့်၊ပစ္စယော၊ကျေးဇူးပြုတတ်သည်၊ဟောတိ၊ဖြစ်၏၊ ။အဝိဂတပစ္စယော တိ၊အဝိဂတာပစ္စယသည်ကား။ ။စတ္တာရော။ လေးပါးကုန်သော။အရုပိနော။ နာမ်ဖြစ်ကုန်သော။ ခန္ဓာ။ ခန္ဓာတို့သည်၊ အညမညံ၊အချင်းချင်း၊အဝိဂတပစ္စယေန၊ အဝိဂတာပစ္စယသဘော်ဖြင့်၊ပစ္စယော၊ကျေးဇူးပြုတတ်သည်၊ဟောတိ။ဖြစ်၏။ ။စတ္တာရော။လေးပါးကုန်သော။မဟာဘူတာ၊မဟာဘုတ်တို့သည်၊ အညမညံ၊အချင်းချင်း၊ အဝိဂတပစ္စယေန။ အဝိဂတာပစ္စယသဘော်ဖြင့်၊ ပစ္စယော၊ ကျေးဇူးပြုတတ်သည်၊ ဟောတိ၊ဖြစ်၏၊ ။ဩကာသာဒိပဉ္စက္ခန္ဓာ။ ဥပါဒါရူပါနံ၊ ဥပါဒါ ရုပ်တို့အား။ အဝိဂတပစ္စယေန။ အဝိဂတာ ပစ္စယသဘော်ဖြင့်၊ ပစ္စယော၊ ကျေးဇူးပြုတတ်သည်၊ ဟောတိ၊ ဖြစ်၏၊ ။စက္ခာယတနံ၊ စက္ခာယတနသည်၊ စက္ခုဝိညာဏဓာတုယာစ။ စက္ခုဝိညာဏဓာတ်အား

၎င်း၊ တံသမ္မယုတ္တကားနံ၊ ထိုစကြ္ခဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော၊ဓမ္မာနဉ္စ၊ တရားတို့အား၎င်း။ အဝိဂတပစ္စယေန၊ အဝိဂတပစ္စယသတ္တိဖြင့်၊ ပစ္စယော၊ကျေးဇူးပြုတတ်သည်၊ ဟောတိ။ဖြစ်၏၊ သောတာယတနံ၊သောတာယတနသံ်သည်၊ သောတာဝိညာဏဓါတုယါစ၊သောတဝိညာဏဓါတ်အား၎င်း၊တံသမ္မယုတ္တကာနံ၊ ထိုသောတဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ။တရားတို့အား၎င်း၊အဝိဂတပစ္စယေန၊အဝိဂတပစ္စယသတ္တိဖြင့်။ပစ္စယော၊ကျေးဇူးပြုတတ်သည်၊ဟောတိ.ဖြစ်၏၊

ဃာနာယတနံ၊ဃာနာယတနသည်။ ဃာနာဝိညာဏဓာတုယာစ၊ ဃာနဝိညာဏ ဓာတ်အား၎င်း၊တံသမ္မယုတ္တကာနံ၊ ထိုဃာနဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ၊ တရားတို့အား၎င်း။ အဝိဂတပစ္စယေန၊ အဝိဂတပစ္စယသတ္တိဖြင့်၊ ပစ္စယော၊ကျေးဇူးပြုတတ်သည်၊ဟောတိ.ဖြစ်၏ ဇိဝှါယတနံ၊ ဇိဝှါယတနသည်၊ဇိဝှါဝိညာဏဓာတုယာစ။ ဇိဝှါဝိညာဏဓာတ်အား၎င်း။ တံသမ္မယုတ္တကာနံ၊ ထိုဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ၊တရားတို့အား၎င်း။ အဝိဂတပစ္စယေန။ အဝိဂတပစ္စယသတ္တိဖြင့်၊ပစ္စယော။ကျေးဇူးပြုတတ်သည်၊ဟောတိ။ဖြစ်၏။ ၊ ကာယာယတနံ၊ ကာယာယတနသည်၊ ကာယဝိညာဏဓာတုယာစ။ ကာယဝိညာဏဓာတ်အား၎င်း၊ တံသမ္မယုတ္တကာနံ၊ ထိုကာယဝိညာဏနှင့် ယှဉ်ကုန်သော ဓမ္မာနဉ္စ၊ တရားတို့အား၎င်း၊ အဝိဂတပစ္စယေန၊ အဝိဂတပစ္စယသတ္တိဖြင့်၊ ပစ္စယော။ကျေးဇူးပြုထတ်သည်၊ဟောတိ၊ ဖြစ်၏။ ၊ရူပါယတနံ၊ ရူပါယတနသည်၊စက္ခုဝိညာဏဓာတုယာစ၊စက္ခုဝိညာဏဓာတ်အား၎င်း၊ တံသမ္မယုတ္တကာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ။ တရားတို့အား၎င်း၊ အဝိဂတပစ္စယေန၊ အဝိဂတပစ္စယသတ္တိဖြင့်၊ ပစ္စယော၊ကျေးဇူးပြုတတ်သည်၊ဟောတိ။ဖြစ်၏၊ သဒ္ဒါယတနံ၊ သဒ္ဒါယတနသည်။ သောတ ဝိညာဏ ဓာတုယာစ၊ သောတဝိညာဏ ဓာတ်အား၎င်း။ တံသမ္မယုတ္တကာနံ၊

ထိုသေတဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာနုဿ။တရား တို့အားဇင်း၊ အဝိဂတပစ္စယေန၊ အဝိဂတပစ္စယ သတ္တိဖြင့်၊ ပစ္စယောကျေးဇူးပြုတတ်သည်၊ ဟောတိ၊ဖြစ်၏၊ ဂန္ဓာယတနံ၊ ဂန္ဓာ ယတန သည်၊ ဃာနဝိညာဏ ဓာတုယာစ။ ဃာနဝိညာဏဓာတ်အားဇင်း၊ တံ သမ္ပယုတ္တကာနံ၊ ထိုဃာန ဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနုဿ။ တရားတို့အားဇင်း။ အဝိဂထပစ္စယေန။ အဝိဂတပစ္စယသတ္တိဖြင့်၊ ပစ္စယော။ ကျေးဇူးပြုတတ်သည်၊ ဟောတိ၊ဖြစ်၏၊ ။ရသာယတနံ၊ ရသာယတန သည်ဇိဝှါဝိညာဏ ဓာတုယာစ။ထိုဇိဝှါဝိညာဏ ဓာတ်အားဇင်း၊ တံသမ္ပယုတ္တကာနံ။ ထိုဇိဝှါ ဝိညာဏ ဓာတ်နှင့်ယှဉ်ကုန်သော၊ဓမ္မာနုဿ၊တရားတို့အားဇင်း၊ အဝိဂတပစ္စယေန၊အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော၊ကျေးဇူးပြုတတ်သည်။ ဟောတိ၊ဖြစ်၏၊ ပဿယတနံ၊ ပဿယတန သည်၊ ကာယဝိညာဏဓာတုယာစ၊ ကာယဝိညာဏ ဓာတ်အားဇင်း၊ တံသမ္ပယုတ္တကာနံ။ ထိုကာယဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာနုဿ၊တရားတို့အားဇင်း။အဝိဂတပစ္စယေန။အဝိဂတပစ္စယသတ္တိဖြင့်၊ပစ္စယော၊ ကျေးဇူးပြုတတ်သည်၊ ဟောတိ၊ ဖြစ်၏၊ ရူပါယတနံ၊ ရူပါယတန သည်၊ သဒ္ဒါယတနံ၊ သဒ္ဒါယတနသည်။ ဂန္ဓာယထနံ၊ ဂန္ဓာယတနသည်။ ရသာယဲတနံ၊ ရသာယတသည်။ ဖောဋ္ဌဗ္ဗာယဲတနံ၊ ဖောဋ္ဌဗ္ဗာ ယဲတနသည်။ မနော ဓာတုယာစ၊ မနော ဓာတ်အား ဇင်း၊ တံသမ္ပယုတ္တကာနံ၊ ထိုမနော ဓာတ်နှင့် ယှဉ်ကုန်သော၊ဓမ္မာနုဿ၊တရားတို့အားဇင်း၊ အဝိဂတပစ္စယေန။ အဝိဂ ပစ္စယသတ္တိဖြင့်၊ ပစ္စယော၊ ကျေးဇူး ပြုတတ်သည်။ ဟောတိ။ဖြစ်၏၊ ယံကုဗံ၊အကြင်ဘဒ္ဒယဝတ္ထုရုပ်ကို။ နိဿာယ၊ ပြု၍၊မနောဓါတုစ။မနောဓါတ်သည်ဇင်း။မနောဝိညာဏဓာတုယာ၊ မနောဝိညာဏဓာတ်သည်ဇင်း၊ပဝတ္တန္တိ၊ ဖြစ်ကုန်၏၊ တံကုဗံထို ဟဒယဝတ္ထုရုပ်သည်၊မနောဓာတုယာစ။မနောဓာတ်အားဇင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်မနောဝိညာဏဓာတ်နှင့်ယှဉ်

ကုန်သော။ဓမ္မာနုဇ္ဇ။ ဘုရားတို့အား၎င်း၊အဝိဂတပစ္စယေန၊ အဝိဂတပစ္စယတို့ဖြင့်၊ ပစ္စယော၊ ကျေးဇူးပြုတတ်သည်၊ ဟောတို့၊ ဖြစ်၏၊ ပဏ္ဏာတ္တိဝါရော၊ ပဏ္ဏာတ္တိဝါရသည်၊နိဋ္ဌိတော၊ပြီး၏။

ပဋ္ဌာန်းပါဠိတော်နိသျှင်း၏၊

—:o:—

ပဋိပတ်ကျင့်စဉ်၊

နမောတဿဘဂဝတောအရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

မင်္ဂဖိုနိဇ္ဇာနသိရေဝံကြောင်း။ ကောင်းမြတ်သောတရားတို့ကို။ ဆားထုပ်လိုသောပုဂ္ဂိုလ်သူတော်ကောင်းတို့သည်။ အကြောင်းဖြစ်သော ပဋိပတ်ကျင့်စဉ် တရားတို့ကို၊ ရှေးဦးစွာသိရာ၏။ အဘယ်သို့သိရာသနည်းဟူမူကား။ မင်းလေးပါးတို့၏ အာဒြကား၊ ဝိပဿနာဉာဏ်ဆယ်ပါးတည်း။ ဝိပဿနာ ဉာဏ်ဆယ်ပါး၏ အခြေကား သမာဓိနှစ်ပါးတည်း။ သမာဓိနှစ်ပါးတို့၏အခြေကား။ ကာယစိတ္တ သုခနှစ်ပါးတည်း။ ကာယသုခစိတ္တသုခနှစ်ပါးတို့၏ အခြေကား။ သိလနှစ်ပါးတည်း။ သိလနှစ်ပါးတို့၏ အခြေကား။ ဟိရိသြတ္တပ္ပတရားနှစ်ပါးတည်း၊ ထိုပဋိပတ်ကျင့်စဉ်တရား အပေါင်းတို့တွင်၊ မကောင်းမှုမှ ရှက်တတ်သော ဟိရိတရား။ မကောင်းမှုမှ ကြောက်တတ်သော ဩတ္တပ္ပတရား နှစ်ပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့သာလျှင်၊ စင်ကြယ်စွာ၊သိသနှစ်ပါးကို စောင့်ကုန်ရာသည်၊

စင်ကြယ်စွာသော သိသနှစ်ပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့သည်သာလျှင်၊ ကာယသုခ၊ စိတ္တသုခနှစ်ပါးကို ရနိုင်ရာသည်

ကာယသုခ၊ စိတ္တသုခနှစ်ပါးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့သည် သာလျှင်၊ လေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင်၊ ထပါးပါးသော ကမ္မဋ္ဌာန်းကို အာရုံပြုသည်၏ အစွမ်းအားဖြင့်။ သမာဓိတရားနှစ်ပါးတို့ကိုရနိုင်ရာဆည်း သမာဓိတရားနှစ်ပါးနှင့်ပြည့်စုံသော၊ ပုဂ္ဂိုလ်တို့သည် သာသျှင်ဝိပဿနာဉာဏ်ဆယ်ပါးတို့ကို၊ ရနိုင်ရာသည်။

ဝိပဿနာဉာဏ်ဆယ်ပါးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ် တို့သည်သာလျှင်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရ၍၊ နိဗ္ဗာန်သို့ရောက်နိုင်ကုန်ရာသည်၊

ဝိပဿနာဉာဏ် ဆယ်ပါးဟူသည်ကား သမသန ဉာဏ် ဥဒယဗ္ဗယဉာဏ်။ ဘင်္ဂဉာဏ်။ ဘယဉာဏ်။ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်။ မုဉ္စိတုကမျတာဉာဏ်။ ပဋိသင်္ခါဉာဏ်။ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ် အားဖြင့်၊ ဆယ်ပါးအပြားရှိ၏။ ထိုဆယ်ပါးတို့တွင် သမသနဉာဏ်ဟူသည်ကား။ ကာမဂုဏ်ငါးပါး၊ အာရုံခြောက်ပါး ဒွါရခြောက်ပါးတို့၏ အစွမ်းအားဖြင့်ပြုဖြင့်၍ဖြစ်သော တဘုမ္မက သင်္ခါရ တရားတို့သည် အဘာနိထလဲလဲ မညိမ်း၊ တိမ်းယိမ်းခြင်းမရှိ၊ ဇာတိ ပဋိသန္ဓေနေခြင်းမစဲ၊ ဇရာ၊ အိုခြင်းမစဲ၊ ဗျာဓိ၊ နာခြင်းမစဲ၊ မရဏ၊ သေခြင်းမစဲ၊ သောက၊ စိုးရိမ်ခြင်းမစဲ၊ ပရိဒေဝ၊ ငိုကြွေးခြင်းမစဲ၊ ဒုက္ခ၊ ကိုယ်၌ဆင်းရဲခြင်းမစဲ၊ ဒေါမနဿ၊ စိတ်နှလုံး မသာယာခြင်း မစဲ။ ဥပါယာသ၊ သောကကြီး ငင်ရှိုက် ပင်ပန်းခြင်းမစဲ၊ မမြဲအနိစ္စ၊ သင်္ခါရသဘော၊ အာသဆေါယှဉ်သည့် အစဉ်မပျက်၊ ဆက်ခါဆက်ခါ၊ သံသရာဝယ်၊ မခြားမလတ်ဖြစ်တတ်သည့် သဘော ကြောင့်၊ ကပ်၍နှိပ်စက်ခြင်း။ ပြင်းစွာ ဇလုံဒီဖြစ်ရကဲ့သို့ ထပ်ခါထပ်ခါ ဆင်းရဲကြီးစွာဝေဒနာဟု ဆိုအပ်သော။ ဒေါမနဿ စိတ်နှင့်တကွ၊ ကပ်၍ဖြစ်ခြင်း၏အကြောင်းသည်၊ ဒုက္ခမည်၏၊ ။

အနိစ္စနုဏ္ဍသန္တာတိတို့၏၊ အစွမ်းဖြင့် ကိုယ်ဟုစွဲထမ်းစရာ အနှစ်သာရမရှိသောကြောင့်၊ အနတ္တာသည်-ကာယမည်၏၊ကာယဟူသည်ကား။ ကောသာလောမာ။ နခါဒန္တာ၊ တးစာ အာစရိသော၊ ကမ္မကရဏာ၊ နိတ္တိံသတို့၏ အရေးတွက်အရတို့ကြောင့် ကိုယ်ဟုထင်မှတ်ခြင်း၊ရုပ်ဓိဝိတ၊ နာမ်ဓိဝိထနှစ်ပါးဘို့၊ ကို ထင်ရှားစွာကိုယ်ဟူ၍၊ ထင်မှတ်သော သူသည်။ သက္ကာယဒိဋ္ဌိမည်၏၊ ထို့ကြောင့်။ အနိစ္စတာ မေမရဏံအနိစ္စံ၊ အမြဲမရှိရာ ဒုက္ခံ၊ ဆင်းရဲကြီးစွာ၊ အနတ္တာ ကိုယ်မဟုတ်ခြေ တကား၍၊ လက္ခဏာရေးသုံးပါး၊ တင်၍ရှုဆင်ခြင်သောဉာဏ်သည်။သမသနဉာဏ်မည်၏၊

ဥဒယဗ္ဗယဉာဏ်ဟူသည်ကား၊ ဧတာဒှမ္မာ သင်္ခါရတရားတို့ကို။ ခန္ဓာငါးပါးတည်းဟူသောနည်းဖြင့်၊ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊သညက္ခန္ဓာ၊သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတည်းဟူသော။ ခန္ဓာငါးပါး။ ရုပ်အစ္ဓဝိသနှစ်ဆဲ့ရှစ်ပါး။ နာမက္ခန္ဓာထေးပါး အာရေဆာတွက်သင်္ချာအပေါင်းအရတို့တွင် စက္ခု၊သောတ။ ဃာန၊ ဇိဝှါကာယ၊ မန၊ ဟုဆိုအပ်သော ဝိညာဏ်ခြောက်ပါးသတ္တိ၏၊ အစွမ်းအားဖြင့်ပြုပြင်၍ဖြစ်သော ကာမဝစရကုသိုလ်စိတ်ရှစ်ခု ရူပါဝစရကုသိုလ်စိတ် ငါးခုအားဖြင့်၊ ပေါင်းတဲ့သုံးခုဌ ဂို သောဝေဒနာထဲ့သုံးခုသည်၊ ပုညာဘိသင်္ခါရမည်၏၊ လောသမ္ဘူစိတ်ရှစ်ခု၊ ဒေါသမ္ဘူစိတ်နှစ်ခု၊ မောဟစိတ် နှစ်ခုအားဖြင့်၊ ပေါင်းတဲ့နှစ်ခုသောစိတ်ဋ္ဌဂို သော၊ စေတနာတဲ့နှစ်ခုသည် အပုညာဘိသင်္ခါရမည်၏၊ ၊အာကာသာနဉ္စာယတနကုသိုလ်၊ ဝိညာနဉ္စာယတနကုသိုလ်၊အာကိဉ္စညာယတနကုသိုလ်၊နေဝသညာ နာသညာယတနကုသိုလ်အားဖြင့်။ အရူပကုသိုလ်လေးခုဌ ဂို သောစေတနာလေးခုသည်အာနဉ္စာဘိသင်္ခါရမည်၏။

ဤသင်္ခါရတရားသုံးပါးတို့သည်၊ပဋိစ္စသမုပ္ပါဒ်၊ စက်ရဟတ်ကဲ့သို့၊ အဆက်မပြတ်ထသည်စေတတ်ဖြစ်စေတတ်သော။ တရား

တည်းဟု၊ပရိန္တေဒအား၊ဖြင့်ဝိုင်းခြား၍ သိတတ်သောဉာဏသမ္ပယုတ်ဧောတည်းဟူသော ဉာဏ်လက်နက်ဖြင့်၊ လက္ခဏာဒဏေးသုံးပါး၊သို့တင်၍ ရှုဆင်ခြင်တတ်သောဉာဏ်သည်။ ဥဒယဗ္ဗယဉာဏ်မည်၏။

ဘင်္ဂဉာဏ်ဟူသည်ကား။ ။တေဘူမ္မကသင်္ခါရ တရားတည်းဟူသော ခန္ဓာငါးပါးတို့၏၊ ဖြစ်ခြင်း ပျက်ခြင်း နှစ်ပါးတို့တွင်၊ ဖြစ်ခြင်းမှလွတ်၍ ပျက်ခြင်းစသောနည်းဖြင့်၊ ပဝတ္တိအပဝတ္တိဗျသနအားဖြင့် မဖြစ်သေးသော။ ကုသိုလ်အကုသိုလ် အဗျာကတ၊ ဖြစ်ပြီးသောကုသိုလ်။ အကုသိုလ် အဗျာကတတို့သည်။ ဗျသန၊ပျက်ခြင်းသည်သာ၊ မြစွာအမှန်။ အဖန်တလဲလဲမစဲမဆိတ်၊ အတိတ်ပစ္စုပ္ပန် အနာဂါတ်အားဖြင့် ကာလသုံးရပ်။ မပြတ်အစဉ်ရှိသည့်တွင်၊ဗျသနဟုဆိုအပ်သော ပျက်ခြင်းသည်သာလျှင်။ အာဒွန့်ရှည့်စွာ၊ မြဿည်သာဟု လက္ခဏာဒေးသုံးပါးသို့ တင်၍၊ ရှုဆင်ခြင်သော၊ ဉာဏ်သည်။ ဘင်္ဂဉာဏ်မည်၏၊

ဘယဉာဏ်ဟူသည်ကား။ ခန္ဓာငါးပါး တို့ကို၊ လောကွ်ဖြစ်သော၊ ခြင်္သေ့သစ်ကျား ခြွေနဂါးစသောရန်သူတို့နှင့်တွေ့ဖြင်လျှင်။ ကြောက်ရွံ့ထိပ်လန့်ကုန်လျက်၊ တုန်လှုပ်သောစိတ်သည်၊ မဆိတ်မနား ဝင်စားဘိသကဲ့သို့ ထိုအာတ္ကု၊ ဘဝမျှားစွာ၊ သံသရာဝယ်။ ဂန္ဓာဆက်ဆက် မပျက်မတိမ်း နှောင်အိမ်သဘွယ် ဘုံသုံးသွယ်၌ တလယ်လယ် တပတ်ပတ်။ ချားရုဟတ်ကဲ့သို့၊ ဤဘဝမှသည် ထိုဘဝ၊ ထိုဘဝမှသည် ဤဘဝ ထိုမျှလောက်သောဘဝတို့ကို၊ တဒင် တခဏမျှ မနေမနား ပြေးသွား၍တစေ နေရကုန်သော။ သတ္တဝါအပေါင်းတို့သည် ဓာတိဟုဆိုအပ်သော . ငိုသန္ဓေနေရခြင်းကိုမလွန်နိုင်ကြသဖြင့်၊ ခန္ဓာငါးပါးတို့မှ : ဆုံးမခြင်း၊ သုံးပါးသော လောကဓာတ်တွင် ဖြစ်ကုန်သော။ သင်္ခါရတရားတို့ကို၊ သားရဲခြင်္သေ့ ဂဟာလက္ခ

ကဲ့ဘရေးသုံးပါးသိုတင်၍၊ ရှုဆင်ခြင်သောဉာဏ်သည်၊ ဘယဉာဏ်မည်၏၊

အာဒိနဝဉာဏ်ဟူသည်ကား။ ။တဘုမ္မကသဒ်ါရတည်းဟူသော၊ ခန္ဓာငါးပါးတို့ကို၊ ဆဝိဇ္ဇာကဏ္ဌာဝသေနဒွေးမှုလာနိဟူသော၊ လက်သန်းအင်္ဂုတထာပါဋ္ဌိလာ သဘောဖြင့်။ လောဘမူစိတ်ရှစ်ချဉ် ရှိသော၊ လောဘစေတသိက် ဆကသိုလ်စိတ်တဆဲ့နှစ်ချဉ်ဖွဲ့သော၊ မောဟစေတသိက်အားဖြင့်၊ တဏှာဆဝိဇ္ဇာဟုဆိုအပ်သော၊ ဆပြစ်မှုလ တရားနှစ်ပါးတို့ကြောင့်၊ တဆဲ့တပါးသော ဒီးတို့သည်ပွားစီးပြီးခါ၊ ကိုးဖြာသောဘဝတို့၌၊ စွဲညိတောက်လောင်လျက်၊ ဆက်ခါဆင်းခါ လောင်စာ မပြတ်သောကြောင့်။ ကိုးပါးသော ဘဝတို့တွင်၊ သုဒ္ဓါဝါသ ဘုံကိုကြဉ်၍၊ တဆဲ့ခြောက် ဘုံနှိုက်၊ ကြွင်းကျန်ရစ်သူ နတ်လူဖြဟ္မာဆထွက်ဝါအပေါင်းတို့သည်။ ဇာတိဇရာ ဗျာဓိမရဏာသောကဆိုးသိုးလောင်သည့်ဒီးတို့၊ မည်ပမ်းကြဲလျင်၊ ရာဂဝိုး၊ ဒေါသဝိုးမောဟဝိုး။ ဇာတိဇရာဗျာဓိမရဏာသောကပရိဒေဝ၊ ဒုက္ခဒေါမနဿ၊ ဥပါယာသဆဟုဆိုအပ်သော၊ တဆဲ့ဘပါးသော ဒီးကျိုးတွင်းခွပင် ဝင့်ကြွံရမည့်အကြောင်းကို၊ သက္ခဏာရေးသုံးပါးသိုတင်ရှုဆင်ခြင်သောဉာဏ်သည်၊ အာဒိနဝဉာဏ်မည်၏၊

နိဗ္ဗိဒါဉာဏ်ဟူသည်ကား၊ ။တဘုမ္မကသဒ်ါရတည်းဟူသော၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို၊ ဇာတိဇရာ ဗျာဓိမရဏာစသည်တို့၏၊ ညှိပ်းခြင်းကို၊ အလိုရှိသည်ဖြစ်၍ မချစ်အပ်သော၊ ကိုယ်မှစ၍၊ မစုံမက်အပ်သော မယားကျေးကျွန်ရွာဘွယ်သော ပစ္စည်း။ ဆည်းဘူးအပ်သော ဥစ္စာ ရတနာတို့ကို၊ ဖြိတ္တာကြွေးကွင်း၊ မီးကျီးတွင်းမှ လွတ်ကင်းပစ်ခါ ကိုယ်ခန္ဓာကို အိမ်သာမှတ်ခြင်း ပိုးလောက်တွင်း၊ ဘင်တွင်းတစ္ဆေ၊ ရိုးကျာညှို၊ ပုပ်လှပုံယောင်၊ ခွေးပုပ်ကောင်နှင့် ပုံဆောင်ပမာ၊

ကိုယ်ခန္ဓာ၏၊ ကြောင်းသျာစုံမက်ဖြစ်အပျက်ကို၊နှိုင်းချင့်စာနာ နိဗ္ဗိဒါဖြင့်။လက္ခဏာရေးသုံးပါးသို့ဘင်၍။ရှုဆင်ခြင်သောဉာဏ် သည်၊နိဗ္ဗိဒါဉာဏ်မည်၏၊ ။

မဂ္ဂင်တုကမျတာဉာဏ်ဟူသည်ကား။ ။ပိုက်ကွန်၌မိသော ငါးတို့သည်။ ကြောက်သောအားဖြင့် လွတ်လိုက်၍။ ရုန်းရင်းခုန် ထွက်သကဲ့သို့၊ ထို့အတူ။တဘုမ္ဘက သခ်ါရတရားတည်းဟူ သော ခန္ဓာငါးပါးတို့မှလွတ်လို၍၊ ဒါနံအေးလောဘော ဟောတု၊ သိလံအဒေါသောဟောတု။ ဘာဝနံအမောဟော။ဟောတု အစ ရှိသည်ဖြင့်၊ အဘိဓမ္မာပဒ္မာန်း၌။မိန့်တွန်သည်နှင့်အညီ။ အလော တစေတသိက် ကုသိုလ်ဟိတ်။ အဒေါသစေတသိက် ကုသိုလ် ဟိတ်၊ အမောဟစေတသိက်ကုသိုလ်ဟိတ်နှင့်တကွ။ဒါနသိလ ဘာဝနာတို့ကို သမာဒိဗ္ဗိအစရှိသော။ မဂ္ဂင်ရှစ်ပါးတရားဘို့နှင့် ယှဉ်ပြိုးလျှင်။ လက္ခဏာရေး သုံးပါးသို့တင်၍၊ ဧကဂ္ဂတာ ကျ ဆောင်။ ယထာဘူတဉာဏ်ဖြင့် ဟုတ်မှန်သည့်အတိုင်း။အဖြစ် အပျက်ကို ဆင်ခြင်သော ဉာဏ်သည်၊ မဂ္ဂင်တုကမျတာဉာဏ် မည်၏၊ ။

ပဋိသင်္ခါဉာဏ်ဟူသည်ကား၊ ။ဒုန်ဘိမှန့်တူသော၊လူ နတ်ဗြဟ္မာဘုံတို့ကို မီးပုံကြီးကဲ့သို့၊ ထင်မှတ်၍၊ ပင်လယ်ရေ ကြောခွံ လင်းယင်တိုင်တွင်ခို မလွတ်ပျံလိုသော။ သရဏဂုဏ်ဖင် ယော်ဌက်သည်၊ ကပ်းကိုမင်သရွေ့။ ရှည်ကြာနေရ သကဲ့သို့၊ ကာယဝိဝေကသဘေးမယှားကျေးကျွန်တို့နှင့်ကျင်ဆည်၍ဂုဏ်း၊ဥပါ သကာ၊သခ်ါရုတရားတို့နှိုက်ကျင်ဆည်၍၊ ဂုဏ်းနေရသည်သာဟု ထပ်ခါထပ်ခါ။ ဓိပသဿနာဘာဝနာဖြင့်၊ ခန္ဓာငါးပါးတို့ကို၊လက္ခ ဏာရေးသုံးပါးသို့တင်၍၊ရှုဆင်ခြင်သောဉာဏ်သည်။ ပဋိသင်္ခါ ဉာဏ်မည်၏၊ ။

သခ်ါရုပေက္ခာဉာဏ်ဟူသည်ကား၊ ။ဘပ်ခြင်းကင်းသော ဝဏ္ဏုကို။ မလိုချင်မနှစ်သက်မရုံမက်မှု၍၊လျစ်ထု။ရှုသကဲ့သို့၊

ထို့အတူ၊ တောကုမ္ဗကသခ်ိုင့်ခု တခုးတို့ကို၊ လုစ္ဆတိ-ပလုစ္ဆတိ တိရစ္ဆာန်ကဟူသော ဝစနတ်ပါဠိနှင့်အညီ၊ ဖြစ်ခြင်းပျက်ခြင်းမကင်းသော သင်္ခေါသာတကားဟု သားမယားကျေးကျွန်တို့နှင့် တကွ၊ မိမိကိုယ်ကိုပင်၊ မစင်ထည့်သော သူကဲ့သို့ ထင်မှတ်၍။ တတ်ချင်ဘွယ်မရှိစွတကား၊ လက္ခဏာရေးသုံးပါးသို့ တင်၍ ရှုဆင်ခြင်းသာညာဏ်သည်၊ သခ်ိုင်ရှင်ပဏ္ဍာညာဏ်မည်၏။ ။

အနုလောမ ညာဏ်ဟူသည်ကား၊ ။အောက်၌ ပြဆိုခဲ့ပြီးသော ဝိပဿနာညာဏ်ကိုးခုတို့ကိုဆင်ခြင်ပြီးမှ၊ ဗေဒင်ပက္ခ်ိယတရား သုံးဆဲ့ခုနစ်ပါးသို့ရောက်သဖြင့်၊ အနုလောမညာဏ်သည် ကြည်လင်ခြင်းသတ္တိ၏ အစွမ်းအားဖြင့်၊ သစ္စာထေးပါးမြတ်တရားတို့ကိုဖိုင်းခြားဝေဘန်၍။ စတ္တာရိသစ္စာနိအစရှိသော ပါဠိနှင့်အညီ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာတည်းဟူသော၊ ဤသစ္စာလေးပါး မြတ်တရားတို့ကို ဖိုင်းခြား၍ဆိပြီးလျှင်။ အနိစ္စသာ၊ ဒုက္ခသာ၊ အနတ္တသာတကားဟု၊ လက္ခဏာရေး သုံးပါးသို့တင်၍ ရှုဆင်ခြင်သော ညာဏ်သည်။ အနုလောမညာဏ်မည်၏။ ။

ဝိပဿနာညာဏ်ဆယ်ပါးရှုနည်းပြီး၏။

———:o:———

ဆဋ္ဌဉ္စုမြတ်စွာဘုရား-ဂုဏ်းတော်ကိုးပါး။

ဣတိပိသောဘဂဝါ၊ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတောလောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါဘဂဝါ။ ။

ယောဘဂဝါ။ အကြင်သမ္ဗုဒ္ဓ မြတ်စွာဘုရားသည်၊ လောကေ၊ ထောကဋ္ဌ၊ ဥဒပါဒိ၊ ထင်ရှားပွင့်တော်မူ၏၊ သောဘဂဝါ။

ထိုသဗ္ဗညုဖြတ်စွာဘုရားသည်၊ ဣတိပိ ဣတိနာစ ကာရဏေန။ ဤသို့ဝါသနာနှင့်တကွ၊ တသောင့်ငါးပျော ကိလေသာ တို့မှဝေး တော်မူသည်၏အဖြစ်ကြောင့်လည်း၊ အရဟံ၊အဂဟာမည်းတော် မူ၏။ ၊

ယောဘဂဝါ။ သောဘဂဝါဟူ၍။ပုဒ်တိုင်းမှာထည့်၊ ဣတိပိ ဣတိနာစကာရဏေန၊ ဤသို့ခပ်သိမ်းသော တရားတို့ကိုဆိုတော် မူတတ်ထသော အဂကြောင်း ကြောင့်လည်း၊ သမ္မာသမ္ဗုဒ္ဓေါ။ သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏၊ ၊ဣတိပိဣတိနာစ ကာရဏေန။ ဤသို့ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး။ စရဏာဘဲ့ ငါးပါးတို့နှင့် ပြည့် စုံတော်မူသော အဂကြောင်းကြောင့်လည်း၊ ဝိဇ္ဇာစရဏာသမ္ပန္နော။ ဝိဇ္ဇာစရဏာသမ္ပန္နမည်းတော်မူ၏၊ ၊ဣတိပိဣတိနာစကာရဏေန၊ ဤသို့ကောင်းသောနိဗ္ဗာန်သို့ကြွတော်မူတတ်ထသောအကြောင်း ကြောင့်လည်း။သုဂတော၊သုဂတမည်တော်မူ၏၊ ၊ဣတိပိဣတိ နာစကာရဏော၊ ဤသို့ လောကသုံးပါးကို၊ သိတော်မူထတ်ထ သော အဂကြောင်းကြောင့်လည်း၊ လောကဝိဒူ၊ လောကဝိဒူမည် တော်မူ၏၊ ။ဣတိပိဣတိနာစ ကာရဏေန။ ဤသို့ အတုမရှိ သောဘုရယောဂျ်ျား။ နတ်ယောဂျ်ျား၊ တိရစ္ဆာန်ယောဂျ်ျားတို့ ကို ဆုံးမတော်မူတတ်သော အဂကြောင်းကြောင့်လည်း။ အနုတ္တ ရော ပုရိသဒမ္မသာရထိ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိမည် တော်မူ၏၊ ၊ဣတိပိ ဣတိနာစကာရဏေန။ ဤသို့ မျက်မှောက် ဘဝ၌၊ ခံစားအပဲသောဆကို။ တမလွန်ဘဝနိုက် ခံစားအပ် သော၊မင်္ဂဇိတ်နိဗ္ဗာန်တည်းဟူသောပရမတ္ထဆကို။တို့ဖြင့်။ နတ် လူတို့အား ဆုံးမတော်မူထတ်သော အကြောင်းကြောင့်လည်း။ သတ္တာဒေဝမနုဿာနံ။သတ္တာဒေဝမနုဿာနံမည်တော်မူ၏။ ။

ဣတိပိဣတိနာစကာရဏေန။ ဤသို့ညွှယ်ဝှေ့ထရားငါးပါးအ ပေါင်းတို့ကို၊ ကောင်းစွာ သိတော်မူတတ်ထသော အကြောင်း

ကြောင့်လည်း၊ ဇုန္ဓေါ၊ ဇုန္ဓမည်တော်မူ၏၊ ။ကုတ်ပိုင်္ကုပမှာ
စကာရဖောန၊ ဤသို့ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူ
သော အကြောင်း ကြောင့်သည်း၊ ဘဂဝါ၊ ဘာဂဝါမည်တော်
မူ၏။ ။

ထရားတော်ဂုဏ်ခြောက်ပါး။

သွက္ခာတောဘဂဝတောဓမ္မောသန္ဒိဋ္ဌိကော၊ အကာလိကော။
ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟိ
တိ၊ ။

ဘဂဝါတာ၊ သဗ္ဗညူ ဗြတ်စွာဘုရားသည်၊ ဓမ္မောပရိယတ္တိ
တရားတော်ကို၊ သွက္ခာတော၊ ကောင်းစွာဟောတော်မူအပ်၏။
ဓမ္မောပရိယတ္တိတရားတော်သည်၊ သန္ဒိဋ္ဌိကော၊ မျက်မှောက်ထင်
ထင်ဖြင်အပ်၏၊ အကာလိကော၊ အခါကိုမငံ့မူ၍၊ အကျိုးကိုပေး
တတ်၏၊ ဧဟိပဿိကော၊ လာလှည့်ရှုသည့်ဟူသော အစိအရင်
ကိုခံထိုက်၏ ဩပနေယျိကော၊ နိဗ္ဗာန်ကိုဆောင်တတ်၏၊ ဝိညူ
ဟိ။ ပညာရှိတို့ဆည်.ပစ္စတ်၊ အသီးအသီး။ ဝေဒိတဗ္ဗော၊ သိအပ်
၏၊ ။

——∞——

ပရမတ္ထသံဃာတော်ဂုဏ်ကိုးပါး။

သုပ္ပဋိပ္ပန္နောဘဂဝတော သာဝကသံဃော။ ဥဇုပဋိပ္ပန္နောဘ
ဂဝတောသာဝကသံဃော၊ ဉာယပဋိပ္ပန္နော ဘဂဝတောသာဝ
ကသံဃော၊ သာမီစိပဋိပ္ပန္နော ဘဂဝတော သာဝကသံဃော၊
ယဒိဒံပဥ္စာရိပုရိသာယုဂါနိ၊ အဋ္ဌပုရိသာပုဂ္ဂလာ၊ ဧသောဘဂဝ

တောသာဝကသံးဆာ၊အာဟုနေယျော။ ပါဟုနေယျောဒက္ခိနေ
ယျော။ အဉ္ဇလိ ကရဏီယျော၊ အနုတ္တရံ၊ ပုညခေတ္တံ၊ ထော
ကသ္သာတိ။

ဘဂဝတော၊ သဒ္ဓညူ မြတ်စွာဘုရား၏၊ သာဝကသံဃော၊
တပည့်သား သံဃာတော်သည်၊ သုပ္ပဋိပ္ပန္နော။ ကောင်းသောအ
ကျင့်ကိုကျင့်တတ်၏၊ဘဂဝတော်။သဒ္ဓညူမြတ်စွာဘုရား၏။သာ
ဝကသံဃော။ တပည့်သား သံဃာတော်သည်၊ ဥဇုပဋိပ္ပန္နော။
ဖြောင့်ဖြောင့်ကျင့်တော်မူတတ်၏။ ဘဂဝတောသဒ္ဓညူတမြတ်
စွာဘုရား၏၊သာဝကသံဃော။ တပည့်သားသံဃာတော်သည်၊
ဉာယပဋိပ္ပန္နော။ နိဗ္ဗာန်အလိုငှါ ကျင့်တော် မူထတ်၏၊ ဘဂဝ
ထော။။သဒ္ဓညူမြတ်စွာဘုရား၏။ သာဝကသံဃော။ထပည့်သား
သံဃာတော်သည်၊သာမိစိပဋိပ္ပန္နော၊ ရိုသေထိုက်သောအကျင့်
ကိုကျင့်တော်မူတတ်၏၊ယင်မိုဒံယာနိဿမာနိပုရိသာယုဂါနိ၊ ဤသို
သောယောကျားမြတ်အစုံတို့သည်၊ စတ္တာရိယုဂါနိ။လေးယောံ
အစုံတို့သည်၊ဟောကို၊ ဖြစ်ကုန်၏၊ ပုရိသပုဂ္ဂလာ၊ အာသီးသိး
ပုဂ္ဂိုလ်တို့သည်ကား၊အဋ္ဌ။ ရှစ်ယောက်တို့သည်း ဟောကို၊ဖြစ်
ကုန်၏။ဘဂဝတော၊သဒ္ဓညူတမြတ်စွာဘုရား၏၊ ဧ သာ ဧ သော
သာဝကသံဃော၊ ထိုတပည့်သားသံဃာတော် အပေါင်းသည်၊
အာဟုနေယျော။ ဆောင်၍လှူအပ်သောဝတ္ထုသည်းကိုခံခြင်းငှါထိုက်
၏၊ ပါဟုနေယျော၊ ဧည့်သည်တို့အား။ ညှဉ်၍စီရင်အပ်သော၊
ပဏ္ဏာကိုး၊ ခံခြင်းငှါထိုက်၏။ ဒက္ခိနေယျော၊ အရိုအသေပြုအံ့
သော။မြတ်သောအလှူကိုလည်း။ခံခြင်းငှါထိုက်၏၊ အဉ္ဇလိကရ
ဏီယျော။ လက်အုပ်ချိသော အမှုကိုလည်း ခံထိုက်၏၊ လော
ကဿ၊ကောင်းမှုကိုအလိုရှိသော သတ္တလောက၏။ အနုတ္တရံ၊
မြတ်သော၊ ပုညခေတ္တံ၊ ကောင်းမှု တည်းဟူသော မျိုးစေ့၏၊
စိုက်ပျိုးရာ၊လယ်တာမြေကောင်းသဘွယ်ဖြစ်တော်မူ၏၊

———:o:———

ဇကောသနိက်ပတ္ထပိုင်ရုတင်ဆောက်တည်နည်း။

ငါးပါးသိလဟုဆိုအပ်သော။ ဝါရိတ္တ၊ ရှစ်ပါးသီဆ၊ ဆယ်ပါးသိသဟုဆိုအပ်သောစာရိတ္တသိလတို့ကိုခံယူဆောက်တည်ပြီးလျှင်၊တဏှာရာဂတို့ကိုခေါင်းပါးကြောင်း၊ ခွါထွက်နိုင်သောရုတင် ဆောက်တည်အပ်၏၊ ထိုသို့ဆောက်ထည်အပ်သောရုတင်တို့တွင်လည်း၊ ရုတနာသုံးပါးသို့ ဆည်းကပ်တတ်းသာဥပသကာ။ ဥပသကီဟုဆိုအပ်သော၊ လူယောကျ်ား။ လူမိန်းမတို့ ဆောက်တည်အပ်သော၊ ရုတင်တို့သည်၊ ဇကောသနိက်ရုဘင်၊ ပတ္တပိုင်ရုတင်ဟူ၍၊နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင်၊ဇကောသနိက်ရုဘင်ကို၊ဤသို့ဆောက်တည်အပ်၏၊ဆောက်တည်အပ်သောနည်းကား။ ။နာနာသနဘောဇနံ ပဋိက္ခိပ္ပါမိ၊ ဇကောသနိကဂ်ံသမာဒိယာမိဟုဆောက်တည်အပ်၏။ဤသို့ဆောက်ထည်အပ်သောအခါ၊ နှစ်ကြိမ်သုံးကြိမ်ဖြက်ဆို၍သော်၎င်း၊ တကြိမ်မျှသာဖြက်ဆို၍သော်၎င်း၊ ဆောက်တည်ခြင်းဌါနအင်၏၊အဟုယောဇနာကား၊နာနာသနဘောဇနံ၊ အထူးထူးသောနေရာတို့၌၊ နေထိုင်ခြင်း အစရှိသော၊ ဇုရိပုန်တို့၌ စားခြင်းကို၊ပဋိက္ခိပ္ပါမိ၊ ပယ်ပါ၏၊ ဇကောသနိကဂ်ံ၊ တထိုင် ထည်းနှိုက် နေ၍ စားခြင်း၊တည်းဟူသော၊ ရုတင်အင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏၊ ထိုသို့ဆောက်တည်အပ်သော။ ရုတင်သည်လည်း ဥက္ကဋ္ဌ၊ မဇ္ဈိ၊ မုဒုဟူ၍၊ ။သုံးပါးအပြားရှိ၏။ ထိုကြောင့်၊ ပိသုဠိမဂ်၊အဋ္ဌကထာ၌ ပဘေဒတောပနအယမ္ပိ ဗိဓိဒေဟောတိ၊ တတ္ထဥတ္တဋ္ဌော၊ အပ္ပံဝါဟေးတုပဟုံဝါ၊ ယမ္ပိဘေးဇနံ၊ ဟတ္ထိဿြဘေးရေတို့ တတောဥည်ာဏ်ကြိဘုံ၊ နလဏ္ဍတိ၊သေးစပိမနုဿာတေရေန၊ နကိုဠိဘုတ္တာနံသပ္ပိအာဒိနိ အာဟာရံတို့ဘောဇဉ်တ္တမေပဝဏ်ဏံတို့၊ နအာဟာရတ္ထံ၊ မဏ္ဍိမောယာဝပတ္တော ဝတ်ံနဒီယတို၊ တာဝဂကြိတုံ လဏ္ဍတို့၊ အယညို ဘောဇန ပရိယန်ံ ၎ကောနာမဟောတိ၊ မုဒုကောယာဝအာသနာနံ၊ မဇ္ဈာ

တိတာဝဘုဇ္ဈိတုံ လဒ္ဓံတိ၊ သောဟိဥဒကပရိယန္တံ ကောဝါ ဟောတိ၊ ယာဝပတ္တမောဝံနံဂဏှာတိ။ တာဝဘုဇ္ဈနတော၊ အာသနပရိယဉ်ကော။ ယော ဘုဇ္ဈနတော၊ ဣမေ သံပန တိဏ္ဏဖ္ဂါ၊ နာနာသနဘောဇနံ၊ ဘုတ္တာဝိနော၊ စတာဂ်ိ ဘိန္နတိ၊ ဟူ၍လာ ဤ။ ။

ပဘေဒတောပန။အများအားဖြင့်ကား။ အယမ္ပိ၊ ဤကောသ နိက်ရှုတင်သည်လည်း၊ တိပိဝေါ၊ သုံးပါးအုပြားရှိသည်၊ ဟော တို့၊ဖြစ်၏။ ။တတ္တာ၊ ထိုသုံးပါးတို့တွင်။ ဥက္ကဋ္ဌော၊ဥက္ကဋ္ဌပဂ္ဂါလသည်၊ဝါ။ အမြတ်ပုဂ္ဂိုလ်သည်။ အပ္ပံဝါ။ နည်းသည်မူလည်း။ ဟောတု၊ ဖြစ်စေ၊ ဗဟုံဝါ။ များသည်မူလည်း။ ဟောထု၊ ဖြစ်စေ၊ယမ္ပိဘာဇနံ၊ အကြွင်းမဲ့သပိတ်သို့။ ဟတ္ထံ၊ လက်ကို၊ သြဘာရေတိ။ ချ၏။ ထဇော၊ ထိုမဲ့သပိတ်သို့ လက်ကိုချ သောအခါမှ၊အညံ့၊ တပါးသောဘောဇဉ်ကို၊ဂဏ္ဍိတုံ၊ ယူခြင်း ငှါ။နလဒ္ဓတိ၊မရအပ်မနှသာ၊ လူတို့သည်။ ထေရေန၊မထေရ သည်၊ကိုဆို။ တစုံတခုကို၊နဘုတ္တံ၊မဘုဉ်းပေး။ဇာတိ၊ဤသို့။သပ္ပါ အာဒိနိ၊ ထောပတ်အစရှိသည်ဘို့ကို၊ သစေပိအာဟာရတ္ထံ။ အ ကယ်၍ဆောင်ခဲ့ကုန်သည်ဖြစ်ခဲ့၊ ဘေသဇ္ဇတ္တာမေဝ၊ ဆေးအလို ငှါသာလျှင်၊ ဝဋ္ဋတိ။ အပ်ကုန်၏။ အာဟာရတ္ထံ၊ အာဟာရအ ထိုငှါ၊နဝဋ္ဋတိ။ မအပ်ကုန်၊မရှိမော။ မဏ္ဍုံပုဂ္ဂိုလ်သည်။ ဝါ။အ လယ်ဖြစ်သောပုဂ္ဂိုလ်သည်။ယာဝ။ အကြွင်းရှိလောက်။ပတ္တော၊ ခွက်သပိတ်၌၊ဘတ္တံ၊ထမင်းသည်၊ နဒိယတိ။မကုန်သေး၊တာဝ၊ ထိုရှေ့လောက်။ အညံ၊ တပါးသောဉာဉ်းခဲ့ဘွယ်ဘောဇဉ်ကို။ ဂဏှိဘုံ၊ ယူခြင်းငှါ၊ ဝဋ္ဋတိ။ ရှေ့ကိုဟိဉာဏ်၊ မှန်၏၊ အယံပုဂ္ဂ လော၊ဤပုဂ္ဂိုလ်သည်၊ ဘောဇနပရိယန္တံ၊ကာနာဂေ၊ဘောဇဉ် အဆုံးရှိသောပုဂ္ဂိုလ်မည်သည်၊ ဟောတိ ဖြစ်၏၊ မုခုကော၊မုခု ပုဂ္ဂိုလ်သည်၊ ဝါ။ အယုတ်ပုဂ္ဂိုလ်သည်၊ ယာဝ။ အကြွင်းရှေ့ လောက်။အာသနာ၊နေရာမှ၊ မရွှာတိ။ မထသေး၊ တာဝ၊ ထိုရှေ့

လောက်၊ဘုန္ဓိတုံ၊စားခြင်းငှာ၊ လက္ခတိ၊ရ၏။ ဟိသစ္စံ။ ထိုစကား သည်မှန်၏၊သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်၊ ယာဝ၊ အကြင်မျှ လောက်၊ပတ္တော်ခေါဝနံ၊ ခွက်သပိတ်ဆေးရေကို၊ နဂဏ္ဍာတိ၊ မခံသေး၊ဘာဝ၊ထိုရှေ့လောက်၊ဘုဉ္ဇန္တေတာ၊ စားသောကြောင့်။ ဥဒကပရိယန္တိကောဝ၊ရေဆေးခြင်းအဆုံးရှိသော ပုဂ္ဂိုလ်မည် သည်လည်း၊ဟောတိ၊ဖြစ်၏၊ယာဝ၊ အကြင်မျှလောက်၊ နမုဋ္ဌာ တိ၊မထေ၊း။ယာဝ၊ထိုရှေ့လောက်။ ဘုဉ္ဇန္တေတာ၊ စားရသော ကြောင့်။ အာသနပရိယန္တိကောဝါ၊ နေရာအဆုံးရှိသောပုဂ္ဂိုလ် မည်သည်လည်း။ဟောတိ၊ဖြစ်၏။ တိဏ္ဏော်ဖို့။ သုံးယောက်လည်း ဖြစ်ကုန်သေး၊ဇာတမေသံပန။ ဤသူတို့အားကား။ နာနာသနဘောဇနံ၊ အထူးထူးသောနေရာ၌။ နေ၍စားခြင်းကို။ ဘုတ္တာကွဲတော၊ စားသောဇာန်ကို၊ ဓုတင်္ဂ ဓုတင်သည်၊ဘိဇ္ဇတိ၊ပျက်၏၊

အဓိပ္ပါယ်ကား၊ ဥက္ကဋ္ဌ၊ မဇ္ဈိ၊ မုဒုပုဂ္ဂိုလ်သုံးယောက်တို့တွင်၊ ဥက္ကဋ္ဌပုဂ္ဂိုလ်သည်။အနည်းငယ်မျှသာဖြစ်သောဘောဇဉ်တို့ကို စားအံ့ဟု၊ ခွက်သပိတ်စသည်၌လက်ကိုချအံ့။ ထိုသို့လက်ကို ချပြီးနောက်၊ တပါးသော ခဲတွယ် ဘောဇဉ်ကို ယူခြင်းငှာမ အပ်၊လူတို့က၊ ဤအရှင်သည်၊ တစုံတခုကိုမဘုဉ်းပေးပါဘကား ဟု၊ ထောပယစသည်ကိုကပ်လှူသည်ဖြစ်အံ့၊ ဆေးအလို.ငှာ အပ်၏၊ အဟာရအလို.ငှာကားမအပ်၊ ဘေသဇ္ဇတ္တာမဝဟ္ဝါဒိ ကာလာသောကြောင့်။ မွတ်ထိပ်ဆာလောင်ခြင်းကိုပျောက်စိမ့် သောငှာမဘုဉ်းပေးအပ်၊အနာဆင်ရှာရှိသော်၊ ဆေးအလို.ငှာ ဘုဉ်းပေးအင်၏၊ ထိုကြောင့်တနေရာ၌ကစားအပ်သမျှကိုဘော ဇဉ်မည်၏၊ဟူ၍မှတ်၏၊မဇ္ဈိမုဒုတို့ငှာကား။ ထောပတ်စသည် တို့ဆည်၊နံနက်အာခါ၌၊ အာဟာရအလို.ငှာ ဆောင်သကဲ့သို့ အဓိ ပ္ပါယ်ကျ၏၊အဋ္ဌကထာဋီကာတို့တို့က်ရိုက်မလာရကား။မျှားစွာ ကြံဆရာ၏၊မဇ္ဈိမပုဂ္ဂိုလိသည်ကား၊အကြင်မျှလောက် ခွက်သ ပိတ်၌၊ဆွမ်းသည်မကုန်သေး၊ထိုမျှထောက်တပါးသောဆွမ်းကို

ယူခြင်းငှာအပ်၏။ ဤပုဂ္ဂိုလ်ကား၊ သောဇဉ်လျှင်အဆုံးရှိသော ကြောင့်။ တောဇနပရိယန္တိကမည်၏၊ ။

မဒုပုဂ္ဂိုလ်သည်ကား၊ အကြင်မျှလောက်နေရာမှ မထသေး၊ ထိုမျှလောက်။ တပါးသောဘောဇဉ်ကိုယူခြင်းငှာအပ်၏။ ။ဤပုဂ္ဂိုလ်ကား၊ သပိတ်ဆေးခဲယူသည်တိုင်အောင်။ ဘုဉ်းပေးကောင်းသောကြောင့်၊ ဥဒကပရိယန္တိကမည်၏၊ နေရာမှထသည်တိုင်အောင်။ ဘုဉ်းပေးကောင်းသောကြောင့်၊ အာသနပရိယန္တိကမည်၏။ ။

ပတ္တာပိုင်ဓုတင်ကိုဆောက်တည်လိုသောပုဂ္ဂိုလ်သည်၊ ဤသို့ဆောက်တည်အပ်၏၊ ဒုတိယဘာဇနံ။ ပဒိုက္ခိပ္ပါမိ။ ပတ္တာပိကျွတ်ကင်သမာဒိယဲာမိ၊ ဒုတိယဘာဇနံ။ နှစ်ခွက်မြောက်သောစား ခြင်းကို၊ ပဋိက္ခိပ္ပါမိ။ ပယ်ပါ၏၊ ပတ္တာပိကျွတ်ကင်၊ တခွက်တည်းဥစားခြင်းတည်းဟူသောဂုတင်အင်္ဂါကို၊ သမာဒိယာမိ၊ ဆောက်တည်ပါ၏၊ ထိုသို့ဆောက်တည်အပ်သောပတ္တာပိုင်ဓုတင်သည်။ ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ ပုဒုအားဖြင့်၊ သုံးပါးအပြားရှိ၏၊ ထိုးကြွာင့်၊ ပဘေဒတောပနအယဓွိဘိဝေါဟာတိ။ တတ္ထဥက္ကဋ္ဌော။ အညတြဲ ဥစ္ဆု၊ ခါဒနကာလာကစဝယဓွိဆင်္ဂတ္တာတုံ၊ နဝဋ္ဌတိ။ သြဒနဒိတ္တာ မစ္ဆမံ သပူဒဝိသိန္နတ္တာ၊ ခါဒိတုံနဝဋ္ဌတိ။ မဇ္ဈိမသဏ္ဌာကေန ဟတ္ထေနဘိန္နိတ္တာခါဒိတုံဝဋ္ဌတိ။ ဟတ္ထယောဂိနာမမုဒုကာပန ပတ္တာယောဂိနာမဒါဟာတိ။ တာသဃံ သတ္ထာပေါတိ။ ပတ္ထေ ပက္ခိပိတုံ၊ တဲသဗ္ဗံယာဝတ္တာနဝါ။ ဒုန္နဟိုဂါတိန္နိတ္တာခါဒိတုံ ဝဋ္ဌတိ၊ ဣမေသံပနတိဏ္ဏံပိဒုဘိယာဘာဇနံ၊ ဘာတိက္ခဏေဇရ ထဂ်ံဘိဇ္ဇတံ ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ထားသည်။

ပဘေဒတောပန၊အပြားအားဖြင့်ကား၊အယဓွိ၊ ဤပတ္တာပိုင်ဓုတင်သည်လည်း၊ တိဓိဝေါ၊ သုံးပါးအပြားရှိသည်၊ ဟောတိ၊

ဖြင်၏၊တဏ္ဍ၊ထိုသုံးပါး၌ကိုတွင်၊ဥက္ကဋ္ဌာ၊ ဥက္ကဋ္ဌပုဂ္ဂိုလ်သည်။ ဥစ္စာခါဒနကာသာ၊ကြီစား၊သောအခါမှ၊ အညတြ၊ တပါး၊သော အခါ၌၊ ကစဝယမ္ဘိ၊ အမှိုက်ကိုသည်း။ သင်္ကြတုံ၊ စွန့်ခြင်း ဌာနဝဏ္ဏတိ၊မအပ်။သြဒနပိဏ္ဍာမစ္ဆံသပုဂေဝိ၊ ထမင်း၊ငါး၊အသဲ မုန့်တို့ကို၊ဘိန္ဒိတွာ ခဲ၍၊ခါဒိတုံ၊ စား၊ခြင်းဌာနဝဏ္ဏတိ၊ မအပ်၊ မစ္ဆိုမသား၊မစ္ဆုံပုဂ္ဂိုလ်အား၊ဂေါနု၊တဟက်သော။ ဟာ၊ထွေနု၊ လက်ဖြင့်။ဘိန္ဒိတွာ၊ခွဲ၍။ခါဒိတုံ၊စား၊ခြင်းဌာန၀ဏ္ဏတိ၊ အပ်၏၊ ဤသာဂေသောပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်။ ဟတ္ထယောဂိနာမ၊ ဟတ္ထယောဂိ ပုဂ္ဂိုလ်၏မည်၏၊ မနုဿကာပနု၊ မရဏပုဂ္ဂိုလ်သည်ကား၊ ပဏ္ဍယောဂိနာမ။ ပဏ္ဍယောဂိပုဂ္ဂိုလ်မည်သည်။ ဟောတိ၊ဖြစ်၏။ ၊ထသ။ထိုပုဂ္ဂိုလ်အား၊ ယံ၊ဘာ၊စနံ။ ,အကြင်ဘောဇဉ်ကို၊ပတ္တော၊ခွက်သပိတ်၌။ပက္ခိတုံ၊ ထည့်အံ့သောဌာ၊ သဏ္ဌာန၊ တတ်ကောင်းသည်၊ဟောတိ။ဖြစ်၏၊ ။တံ သဗ္ဗံ၊ထိုအလုံးစုံကို ဟာ၊ထွေနု၀၊ လက်ဖြင့်လည်း၊ကောင်း၊ ဒန္ဓေဟိ၀၊ သွား၌ဖြင့် လည်း၊ကောင်း။ဘိန္ဒိတွာ၊ခွဲ၍။ခါဒိတုံ၊ စား၊ခြင်းဌာန၀ဏ္ဏတိ၊ အပ်၏။ တိဏ္ဏဉ္စိ၊ သုံးယောက်လည်းဖြစ်ကုန်သော၊ ဂဏမေသံပနု၊ ဤသူကို၏အား၊ ဒုတိယဘာဇနံ၊ နှစ်ချမြောက်သောခွက်ကို။ သာတိဟွေ၊သာယာသောခဏ၌၊ရုတဂံ၊ ရှာဘင်ဆင်၏သည်၊ ဘိန္ဒတိ၊ပျက်၏၊ ။

အဓိပ္ပါယ်အကျဉ်းကား၊ဥက္ကဋ္ဌမစ္ဆုံမုဒုဟူသောသုံဦးသော ပုဂ္ဂိုလ်တို့တွင်၊ဥက္ကဋ္ဌပုဂ္ဂိုလ်သည်၊ ကြီစား၊သောအခါမှ တပါး သောကာလ၌၊ ငါး၌း-စပါးလုံးအစရှိသောစွန့်အပ်သောဝတ္ထု ကို၊ ပိပိကိုင်သောခွက်နှိုက်စွန့်ခြင်းဌာမအပ်၊ အသယ်ကျောင့် နည်းဟုမူကား၊ ခွက်ကိုသာယာသောကြောင့်တည်း။ စားစရာ သည်အံ့သောဌာ၊ နှစ်ခွက်မြောက်ကို မသာယာသော်လည်း။ ပစ္စည်းမှုကို သာယာသောကြောင့်၊ ရုဘင်သော်ကား မပျက်၊ ဥက္ကဋ္ဌအဖြစ်ပျက်၏ဟူလိုသည်။ မဏ္ဍုံပုဂ္ဂိုလ်သည်ကား၊ ထ

ဘက်တည်းသောလက်ဖြင့်၊ခွဲဖဲ့၍စားခြင်းငှာအပ်၏၊မရဒုဂ္ဂိုလ်သည်၊ အကြွင်အာဟာရကိုခွက်သပိတ်၌ထည့်၍ဘုဉ်းပေးခြင်းငှါတတ်ကောင်း၏၊ထိုအလုံးရုံကိုလက်ဖြင့်ဂင်း။သွားတို့ဖြင့်ဂင်း၊ ခွဲဖဲ့၍ဆာအပ်၏ဟူလိုသည်၊ ၊

——:o:——

ဒုစရိုက်ခွဲ၊

ကာယကံသည် ပါဏာတိပါတက်။ အဒိန္နာဒါနကံ၊ ကာမေသုမိစ္ဆာစာရကံအားဖြင့်၊သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင်၊ ပါဏာတိပါတက်သည်။ ပါဏာသအာတိပါတော၊ ပါဏာတိပါတော။ ပါဏာသ။ သတ္တဝါကို။ ဝါ။ဇီဝိတိန္ဒြေကို။အာတိပါတော လျှင်စွာချခြင်း။ ပါဏာတိပါတော၊ သတ္တဝါကိုချခြင်း၊ ငါ၊ ဇီဝိတိန္ဒြေကိုလျှင်စွာချခြင်း။ဤသို့သောစနစ်ဖြင့်အညီ၊ သတ္တဝါတားယာက်ကား၀ဓကပယောဂကိုဖြစ်စေတတ်သော၊ ၀ဓကစေတနာသည်၊ပါဏာတ်ပါတကံမည်၏။ ။အဒိန္နာသအာဒါနံ အဒိန္နဒါနံ၊ ။အဒိန္နံသး အဂ္ဂဏ်သည်။ကိုယ်နှုတ်ဖြင့်မပေးအပ်သောသူထံပါးဥစ္စာကို၊အာဒါန်၊ ခိုးယူခြင်းတည်း။ အဒိန္နာဒါန်း။ အဂ္ဂဏ်သည်ကိုယ်နှုတ်ဖြင့်မပေးအပ်သောသူတပါး၏၊ ဥစ္စာကိုခိုးယူခြင်း၊ သူတပါးဥစ္စာဟူ အမှတ်ရှိသည်ဖြစ်၍၊ ထိုသူတပါးဥစ္စာကို ခိုးယူကြောင်းဖြစ်သော၊ ကာယပယောဂကို ဖြစ်စေတတ်သောခိုးလိုသောစေတနာသည်၊အဒိန္နဒါနမည်၏။ မိစ္ဆာစရဏ်မိစ္ဆာစာရော၊ ကာမေသုမိစ္ဆာစာရောကာမေသုမိစ္ဆာစာရော။ မိစ္ဆာ၊ မှားသောအားဖြင့်။ စရဏံ။ ကျင့်ခြင်း။ မိစ္ဆာစာရော။ မှားသောအားဖြင့်။ ကျင့်ခြင်း၊ ကာမေသုမေထုန်အကျင့်တို့၌၊ မိစ္ဆာစာရော၊မှားသောအားဖြင့်၊ ကျင့်ခြင်းတည်း၊ ကာမေသုမိစ္ဆာစာရော၊ မေထုန် အကျင့်တို့၌မှားသောအားဖြင့်။ ကျင့်

ခြင်းတည်း။ ဤသို့သော၊ ဝစနတ္ထနှင့်အညီ၊ သူယုတ်တို့ဖြစ်၊ မှီရာ
သောအာ၊ဖြင့်၊ မသွားသော အဝဲသော၊ မာတုရက္ခိတ စသော
နှစ်ကျိုးသော ပဓန်းမတို့၌ လွန်ကြူးကြောင်းဖြစ်သော၊ ကာယ
ဒုစ်ရိုက်ဖြစ်သော၊စေတနာသည်။ ကာ၊မသုမိန္တာစာရမည်၏၊ ၃၊
ဤပါဏာတိပါတ၊စရိုက်သောသုံးပါး၊သော၊ ကံတို့သည်၊ ကာ
ယဒုစ်ရိုက်မျာ၊းစွ၊ဖြစ်ခြင်း၊ကြောင့်၊ကာယကံမည်၏၊ တနည်း၊အာ၊း
ဖြင့်၊ဝစီဒုစ်ရိုက်သည်း၊ဖြစ်၏၊ ဖြစ်သော်သည်း ဝစီကံပဓေါရာ၊း၊
ကာယကံဟူ၍သာသျင်ခေါ်ရာသည်၊

ဝစီကံသည်။မုသာ၊ပါဒ ဝိသုဒ္ဓာဝါစာ။ဖရုသသ၊ါစာ၊ သ ပ်ဴ
လာပအာ၊ဖြင့်လေး၊ပါး၊အ၊ကြာ၊း၌၊ ထို၊သး၊ပါ၊းတို့တွင်၊ မု ၊ာ
ဝဒန်္တိ၊ ၊ဧ၊တနာတိ၊မုသာဝါဒေါ။ ၊ဧ၊တန။ ဤစေတနာဖြင့်။
မုသာ။ မဟုတ်မမှန်သော စကား၊ကို၊ဝဒန်္တိ။ ဆိုတတ်ကုန်၏။
ဣတ်တသ္မာ၊ ထိုသို့မဟုတ်မမှန်သော၊အာ၊းဖြင့် ဆို၊ကြောင်း၊ဖြစ်
သောဆ၊ုိကြောင့်၊သာစေတနာ၊ ထို၊စေတနာသည်၊ မုသာဝါ
၊ဒါ၊ မုသာဝါဒမည်၏၊ ဤသို့၊သော၊ဝစနတ္ထဖြင့်။ မဟုတ်မမှန်
သည်ကို၊ဟုတ်မှန်သော၊အာ၊းဖြင့်၊သူ၊ဘ၊ပါ၊းကို။ သိစေလို၊သော
ဝုဂ္ဂါ၊လ်၏၊မဟုတ်မမှန်သော၊အာ၊းဖြင့်၊သိ၊စေတတ်သော၊ စေတနာ
သည်၊မုသာဝါဒမည်၏၊ ၁ ဝိသုဒ္ဓေါတိသာ။ မင်္ဂိ်သ၊ဏ္ဍာတိတိ၊
ဝိသုဒ္ဓ၊ဝိသုဒ္ဓာ၊ဇ၀ါ၀စော၊ဝိသုဒ္ဓ၊ဝါစာ၊ သာ၊ဓင်္ဂိ်၊ ညှိုသ္သတ်
သည်၏အဖြစ်ကို၊ ဝိသု၊ဒ္ဓေါတိသ၊ုဒ္ဓဇ်္ဇေတိ၊ မှန်မှန်ညက်ညက်
ကြွတ်တတ်၏၊ဝါ။သူနှစ်၊ယောက်တို့၏၊ ချစ်ခြင်း၊ဆင်း၊ဆောင်ပြု
တတ်၏၊ဣတိဘဒ္ဒ၊ထို့၊ကြောင့်၊ဝိသုဒ္ဓာ၊ဝိသုဒ္ဓမည်၏၊ဝိသု
ဒ္ဓ၊ဇ၀၊ညှိုသ္သတ်သည်၏အဖြစ်ကို၊ မှန်မှန်ညက်ညက်ကြွတ်ခြင်း
သည်သ၊ဘ၀၊စာ၊စကား၊တည်း၊ဝိသုဒ္ဓဝါစာ၊ညှိုသ္သတ်သည်
၏အဖြစ်ကို၊ မှန်မှန်ညက်ညက် ပြုခြင်းသည် သာ၀ယ် စကား။
ဤသို့သော၊ဝစနတ္ထနှင့်အညီ၊ သူတပါ၊းအား၊ကွဲပြား၊စေလိုသဖြင့်
၎င်း၊ပီ၊ိကိုချစ်စေလိုသဖြင့်၎င်း၊သူတပါ၊း၏၊ ကွဲပြား၊ခြင်း၊ကို ပြု

တတ်သောဝစီကံပယောဂကိုဖြစ်စေတတ်သော၊ညစ်နွမ်းသော စေတနာသည်ဒိသုဏာဝါစာမည်၏၊

အတ္တာနံပိပရံပိ၊ဖရုသကရောတိတိ၊ဖရုသော၊ ဖရုသဇနံ ဝါစာ ဖရုသဝါစာ။အတ္တာနံပိ မိမိကိုယ်ကိုဂုဏ်း၊ပရံပိ၊ သူဘဝါးကိုဂုဏ်း၊ဖရုသံ၊ လွဿွားကဲ့သို့ကြမ်းထမ်းလော။ အတွေ့ရှိသည်ကို။ကရောတိ၊ပြုတတ်တတ်၏။ဣတိတသ္မာ ထို့ကြောင့်၊ ဖရုသော။ ဖရုသမည်၏။ ဖရုသဇနံ၊လွဿွားကဲ့သို့၊ ကြမ်းထမဲ့သောအတွေ့ရှိသည်ကို ပြုခြင်းသည် သာလျှင်။ ဝါစာ၊ စကားတည်း။ ဖရုသဝါစာ၊ လွဿွားကဲ့သို့ကြမ်းထမ်းသော အတွေ့ရှိသည်ကို ပြုခြင်းသည်သာလျှင်စကား။ ။ဤသို့သော ဝစနဖြန့်ဖွဲ့အပ်သည်၊ သူတပါး၏၊ မရိုက်မစက်ဖြတ်နှိုးခြင်းကိုဖျက်သောဝစီပယောဂကိုဖြစ်စေတတ်သောစင်စစ် ကြမ်းကြုတ်သော စေတနာသည်၊ ဖရုသဝါစာ မည်၏၊ ။ဤဖရုသဝါစာဆရာ၌။ စကားပင်ကြမ်းခြင်းသည်လည်း စိတ်နှလုံးညှို့သိပ်မွှေ့လျော်။ ဖရုသဝါစာမဖြစ်ဖဲ့မှာ်း။ ဒု-သံသုခံဟိဝ၊ဠ္ဟ၊ ဖလဘဝနာဒေတိဘိ၊ သမ္မံ၊သံသုခစ္ဆ၊ချမ်းသာကိုရှင်းဟိဘဠ္ဟ၊ အစိုးအပွါးကိုဂုဏ်း၊ ဖသတိဝိနာဒသတိ။ ဖျက်ဆီးတတ်၏၊ ။ဣတိတသ္မာ၊ တို့သို့ဖျက်ဆီးတတ်သောသ တို့ကြောင့်၊သမ္မံ၊ သမ္မံမည်၏၊ သမ္မာလတိ။ဇနနာတိသမ္မပ္ပလာပေါ။ ဇနတာ၊ ဤစကားဖြင့်။ သမ္မံ၊ချမ်းသာစိုးပွားကိုဖျက်ဆီးဘတ်သောစကားကို၊ ပပတိ၊ ပြောဆို တတ်၏။ဣတိတသ္မာ၊ တိုသို့ပြောဆိုးကြောင်းဖြစ်သော၊ သတ္တိကြောင့်၊ သာစေတနာ၊ ထိုးစေတနာသည်၊ သမ္မံ ပလာပေါ။ သမ္မံပလာပမည်၏၊ ဤသို့သော ဝစနဖြန့်ဖွဲ့အပ်သည်။ သိဂၤါဝိဇားကိုးဆောင်ယူခြင်း၊ ဘာရတ ညီနောင်စစ်ထိုးခြင်း စသည်ရှိသော အကျိုးမရှိသော စကားကိုသိစေတတ်သောလုံးသ ပယောဂကို ဖြစ်စေတတ်သော ညစ်နွမ်းသော စေတနာသည်၊ သမ္မပ္ပလာပမည်၏၊ ဤမုသာဝါဒ၊ အစရှိသော ထေးပါသော

ကံတိုသည်၊ ဝစီဒုစ္စရိတ်ဟု ဆိုအပ်သော ဝစီဒွါရ၌ များစွာဖြစ်တတ်သောကြောင့်၊ ငစိကံမည်၏။ ။တနည်း အားဖြင့်၊ ကာယဒွါရ၌ဖြစ်သော်လည်း၊ကာယကံမမည်ဟုမှတ်အင်၏၊

မနောကံသည်၊ အဘိဇ္ဈာဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိဟူ၍၊ သုံးပါးအပြားရှိ၏၊ ထို သုံးပါး တို့တွင်။ ပဒုသမွတို့ အတိမုခံ ဗျ ယတ်လောဘဝေသနစိန္တိတိ ဟိအဘိဇ္ဈာ၊ ။ယာဒမ္မာဇာတိ။အကြင် သဘော တရား သည်၊ လောဘဝေသန။ လောဘ၏ အစွမ်းဖြင့်၊ ပရသမွတို့ ။ သူတပါး၏စည်.စိမ်ချမ်းသာကို။ ဗျာယတိအာတိပုခံဗိန္တိတိ၊ ရှေ.ရှုကြံတတ်၏၊ ဣတိတသ္မာ၊ ထိုသို့ ရှေ.ရှုကြံထတ်သော သတ္တိကြောင့်၊ သာမွဇာတိ၊ ထိုသဘော တရာ.သည်။ ဓဘိဇ္ဈာ။ အာဘိဇ္ဈာမည်၏၊ ။ဤသို့သော ဝစနက္ကန်နှင့်ဆည်၊ သူတပါ.၏ စည်းစိမ်ချမ်းသာကို၊ ငါ့အာဖြစ်ပါတိုမူ။ ကောင်းလေစွဟူ၍၊ သူတပါးဥစ္စာကို၊ ဒိဝိသို့ရှေ.ရှုသဖြင့် သွတ်စေတတ်သော၊ လောဘသည်၊ အဘိဇ္ဈာတိ၊ မည်၏၊ ဗျာပဒ္ဓတိ၊ဟိတသုခံဇေတနာတိ၊ဗျာပါဒေါ၊ဇေတနာ၊ဤဒေါသဖြင့်။ ဟိဘသုခံ စိးပွားချမ်းသာကို။ ဗျာပဇ္ဈတိ၊ဗျက်ဆိုးတတ်၏၊မုတိတသ္မာ ထိုသို့ဗျက်ဆိုးကြောင်းဖြစ်သော သတ္တိကြောင့်၊ ဗျာပါဒေါ။ ဗျာပါဒမည်၏၊ ဤသို့သောဝစနက္ကန်နှင့် ဒ.ည်၊ သူတပါးတို့ စိးပွားချမ်းသာကို။ဗျက်ဆိ ကြောင်းဖြစ်သော၊ ဤသဘောဝါ၊ပျက်စိးပါမူ ကောင်းလေစွဟူ၍၊ ဝိဘ်ဖြစ်မှာ ခြင်း၊ဒေါသသ ည်။ ဗျာပါဒမည်၏၊

မိစ္ဆာဝိပရိတဇောပသဒတိတိမိစ္ဆာဒိဋ္ဌိ၊ယာဒမ္မာဇာတိ။အကြင်သဘောတရား သည်၊ မိစ္ဆာဝိ-ဒိုတဇော၊ ဖောက်ပြန်သောအားဖြင့်၊ပသဒတို့၊ မြင်တတ်၏၊ ဣတိတသ္မာ၊ ထိုသို့ဖောက်ပြန်သောအားဖြင့် မြင်တတ်သော သတ္တိကြောင့်၊ သာဒမ္မဇာတိ၊ ထိုသဘော တရား သည်၊ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိမည်၏၊ ။ဤသို့

သောဝစနတ္ထနှင့်အာညြ၊ ပေးလွှအာဝ်သော၊ အလွှ၏အကျိုးဝည့်
မှာ်၊ ဤသို့အစာ်းသာအားဖြင့်၊ ပေါက်ဖြန်သောအားဖြင့်၊ ဖြင့်
တတ်သော ဒိဋ္ဌိစေတသိက်သည်၊ မိစ္ဆာဒိဋ္ဌိ မည်၏၊ ၃။ ဤ
အာတိဏ္ဍာအစာ်းသာ၊ သုံ ပါးသော ကံဘွဲသည်၊ စိတ်၌သာလျှင်
များစွာ ဖြစ်တတ်သော ကြောင့်။ မနေးကံ မည်၏၊ ၊တနည်း
အားဖြင့်။ ကာယဒွါရ။ ဝစီဒွါရနှစ်ပါး၌ ဖြစ်ညှားသော်လည်း။
ကာယကံ။ ဝစီကံမည်၏ဟု မမှတ်အပ်၊ ။ဤသို့ဆိုအပ်ခဲ့ပြီး
သော။ ကာယကံသုံးပ ။ ဝစီကံ၊လေးပါး။ မနောကံ။ သုံးပါး၊
၌ဆယ်ပါးသော တရားတို့သည်၊ အကုသလကမ္မပထတရား
ဆယ်ပါးလည်း မည်ကုန်၏။ ဒုစရိုက်ဆယ်ပါးလည်း မည်ကုန်
၏၊ ၊ထိုကုသလ ကမ္မပထ တရားဆယ်ပါး တို့သည်၊ စိတ်
အားဖြင့် ဝေဘန်လျှင်။ အကုသိုလ်စိတ် တဆစ်နှစ်ချို့ သာလျှင်
ဖြစ်၏၊ ။ကမ္မာဝစရ ကုသိုလ်ကံ သည်လည်း၊ ကာယကံဝ
စီကံ။ မနောကံဟူ၍။ ကမ္မဒွါရ၏၊ အစွမ်းအားဖြင့်။ သုံးပါးအ
ပြားရှိ၏၊ ထိုသုံးပါးဘုံတွင်၊ ကာယဒွါရ၌ ဖြစ်သောကံသည်၊
ကာယကံမည်၏၊ ဝစီဒွါရ၌ ဖြစ်သောကံသည်၊ ဝစီကံမည်၏။
မနောဒွါရ၌ ဖြစ်းသာ ကံသည်။ မနောဒွါရကံမည်၏၊ ထိုသုံး
ပါးသောကံတို့တွင် အကုသိုလ်ကံသည်။ ကာယကံ။ ဝစီကံ။ မ
နောကံဟူ၍၊ သုံးပါးအပြားရှိ၏၊ ထိုသုံးပါးသောကံတို့သည်၊ အ
ဆယ်ကြောင့် ကာယကံ မည်ဃနည်းမေး၊ ။ကာယဒွါရပ
ပတ္တိကမ္မံ ကာယကမ္မံ၊ ။ကာယဒွါရောကာယဒွါရ၌၊ ပဝတ္တံ။
ဖြစ်သောကမ္မံကံတည်း။ ကာယကမ္မံ၊ ကာယဒွါရ၌ ဖြစ်သော
ကံ၊ ။ဝစီဒွါရေ ပဝတ္တံကမ္မံ၊ ဝစီကမ္မံ၊ ဝဒိဒွါရေ၊ ဝစီဒွါရ၌၊
ပဝတ္တံဖြစ်သော၊ကမ္မံ၊ ကံတည်း၊ဝစီကမ္မံ၊ ဝစီဒွါရ၌ဖြစ်သော
ကံ၊ ။မနောဒွါရေပဝတ္တံကမ္မံ၊ မနောကမ္မံ၊ ။မနောဒွါရေ၊
မနောဒွါရ၌၊ ပဝတ္တံ၊ ဖြစ်သောကမ္မံ၊ ကံတည်း။ မနောကမ္မံ။
မနောဒွါရ၌ ဖြစ်းသောကံ၊ ဤသို့သော ဝစနတ္ထကြောင့်၊ ကာယ
ကံ၊ဝစီကံ၊မနောကံ၊မနောကံမည်သည်ဟုဖြေ၊

ရွှတ်ဆတ်လိုဒသာပုဂ္ဂိုလ်တို့ရွှတ်ဆတ်ရန်။
ပဋ္ဌာန်းအမှန်း။

ဖေယျတ္ထာ ။ရတနာဃရတ္တိ။ သတ္တရတနမယံ၊ ခန္ဓဟံ သတ္ထာနံ။ပကရဏာနံ၊သမသိဘဋ္ဌာနံ၊ ဇရတနာဃရန္တိ။ ဝုစ္စတိ၊ ပါဠိဆဋ္ဌကထာမိန့်မှာညွှန်းပြအပ်သည်နှင့် ။ညီ၊ရှေးတဉ်နောက်ပျက်၊ လယ်ချက်မှန်၊ ပလ္လင်တအမှန်တံခွန်စိုက်ထူ၊ ဘူမဏ္ဍာလာပထဗျတ်နိုး၊ ပေါ်ထွန်းဖြစ်လာသော။ ဤမဟာဖောဓိ၊ သိရိကြိုင်လျှမ်း၊ညောင်ရွှေနန်းဝယ်၊လေးခဏ်းသောသစ္စာကို။ အပ္ပရုဒ္ဓိတေ၊ တတ္ထုပ္ပေဒုဒ္ဒသိဝိတ္တာဒရ ။လျှောက်ပတ်လျက် ၊မြတ်သောရတနာ၊ခုနစ်ဖြာတို့ဖြင့်၊ နာနာဝိစိတ္တာရ၊ အတိဇုဇ္ဈမဟော။ ကြံ့ကံ်သဖေါလျှံလျက်၊ ပလ္လင်သဇ္ဇကိုလေသေ ဝိဒ္ဓသနန်္တိပလ္လင်။ ပလ္လင်ကရောတိတိပလ္လင်္ကော။ ။ဟူသောဝိဘင်၊ဝစနတ္ထဖြိုဟ်။ ပိန့်ဆိုသော်ဟူ၏အပ်သည်နှင့်အညီ၊အလုံးစုံသောကိလေသာ။ နိဝဇုဏာညစ်ကြေးကို၊ဆေးလျှံသုတ်သင်အောင်မြင့်ပယ်ရှားရာ၊ မဟာဝိဆယဋ္ဌာန၊ ဝိသေသကနှင့်ယှဉ်သော၊ ပလ္လင်တော်ချက်ဘွေ၊အပရာဇိတအောင်မြေဝယ်၊ စံနေတော်မူရာ၊ သတ္တာဟာဒုနစ်ဖြာတို့တွင်၊ စတုတ္ထရတနာဖြောက်လျှံတောက်တေဇော၊ ဒေါတန်လွန်၊ စံအညွှန်ဖြင့်။ မွန်မြတ်သောဋ္ဌာန၊ နိဝုနဂန္တိ၊ ရသာဆိနက်လေးကို၊ ဆတွေးဆင်မြှောမြင်သုံးသပ်တော်မူရာ။ ရတနာဃရ၊ သတ္တာဟာတွင်၊ သုံးလုပ်ရမေသည်၊ စံနေတော်မူသောကာလ၊ အတိ ဆတိရေက ။ဝိစိတ္တြဒေသနာ၊ အာဘိဓ္မောဒုနစ်ကျမ်းတို့ကို၊ ဝမ္မသင်္ဂဟိအစ၊ ယဓိက်ကျမ်းအဆုံး၊ တွင်မှန်စောဘုန်းသည်။ သုံးသပ်ဆင်ခြင်တော်မူးသော်လည်း၊ နိလာအစေးပဘသရအန္တာ။ ခြောက်ဖြာသောရောင်ခြည်တော်တို့သည် တိမ်သတိမဂ်ထ၊အာဒိစ္စသော၊မန္တသည်ရာ။ သတ္တဝါငါးကြိုးတို့သည်၊ သာမညဂဂိလယ်၌၊ ပျော်ဝိုက်မွေ့ထျော်ခြင်းငှာ၊ မတတ်ရာနိုင်သကဲ့သို့၊ အာရုံအားဖြင့် ကျက်စားခြင်းငှာမခန့်၊ ပျံ

ပျံမြောင်နိ ရောင်ခြည်းတာ် မြတ်တို့သည်၊ တောက်ပ ထွန်းလင်းခြင်းမရှိ၊ ဘာတိရောဘာယမဟာပကရဏာအနန်တနယဖြစ်သော၊ပဋ္ဌာန်းကျမ်းကြီးကို၊ အပြီးချင့်ရုံး၊ သုံးသပ်ဆင်ခြင်တော်မူသော၊ လောကထွန်ဆား၊ မြတ်ဘုရား၏၊ ထူးခြားသောဘာယးတော်အဆစ်မှ၊ ခမြာင်လစ်ပြုကြင်း၊ အကြွင်းမရှိ။ အပရိမာဏာသင်္ချာ၊စက္ကဝဠ ဂဟယစ်၊ ခေတ်ဓာတိလုံကို၊ လွှမ်းမိုးထိုးထွင်းနှစ်သာကိုယင်းလျှာ၊ဆင်္ကြွှန်းသို့၊ ရောင်ခြည်ဘော်တို့သည်၊ ဆရပ်ရပ်သကိုဝင်းလျှာ်၊ ကောင်းကင်အဇဋ္ဌ ၊ နဘဝရိုက်တုန်၊ ဘုံသောက၊ ခါတ်ထွန်းပခရာင်ဝါ၊ ဒိသာအဋ္ဌပေါ်ဒ္ဓိမဉ္ဇဒ္ဓါ၊ ယဆုတိုင်ရောင်းတာ်လျှံဖြင့်၊ ပဘာတရ။ သမုဒ္ဒဒယ်၊ တံမိသတိဝိဂိသာ၊အာနန္ဒာစဆောငါးကြီးတို့သည်။ ဆပြိုဝိုင်ဝိုင်း၊ ပျော်ပါးနိုင်သကဲ့သို့၊ အဆိုင်ဆိုင်ပြည့်ရှုန်း၍၊ ထွန်းပကြည်သက်၊ ဘဝဂ်မမျှ။ ဆင်္ဂဖြဲတို့သည်။ ထွန်းပတောက်ထင်းတော်မူကုန်သတည်း၊ယင်းသို့မှန်လှ။ ဇေမှာဒိဂုဏ်ထူးရှိသော၊ အဓိဂမဂိလာဓမဟာပကရဏာ။ အနန်တနယ၊ သမန္တဖွင်း၊ ဆန်းဆန်းနယအဓဝဝနက်နဲခြင်း၊ခက်ခဲခြင်းအပေါင်းတို့၏။ ထည်ရာ။ မဟာဝိသယမြတ်ကျမ်းပဋ္ဌာန်းဒေသနာတော်မြတ်ကို၊ ဘောဇ္ဈောသမ္ပုရိသာ၊ အိုသူတော်ကောင်း ပရိသတ်အပေါင်းတို့၊ မ'သိ၊ ငါတို့သည်၊ဘဏာမ။ ဘယလာဘစသည်ကြဉ်ရှာင်၊ ဂုဏ်တော်ပေါင်းကို။အောက်မေ့ကြည်ညှတ်ထူက်၊ ရွှတ်ဟတ်သရဏ်ဆိုသယ်တော်မူကြပါကုန်အံ့။

—:o:—

အာဇိဝဋ္ဌမကသိသဆောက်တည်ပုံ၊

သမ္မာဝစာ၊ သင်္ခါကမ္မန္တော၊ သမ္မာအာဇိဝ၊ ဤသုံးပါးဖြစ်သော၊ အာဇိဝ ဋ္ဌမက သိသတည်းဟူသော၊ သိဒဆက်ပုံမပြတ်စောင့်ရှောက်ရမည်၊ လူဘို့နှင့် စပ်ဆိုင်သော၊ ငါ.ပါး သိသဆယ်ပါးသိသ၊ ရှစ်ပါးသိသတို့လည်း၊ ဤအာဇိဝဋ္ဌမကသိသသည်၊ မဂ္ဂင် ၈ ပါးနှင့်ကိုက်ဆိုင်ပြီ၍၊ ကောင်းသည်၊ သမ္မာဝါစာဟူသည်ကား၊ မုသာဝါဒါ.ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဝါစာ ဟူသော ဝစီဒုစရိုက်လေးပါးမှ ကြဉ်ရှောင်ခြင်းသည်၊သမ္မာဝါစာမည်၏၊ ဘုရားစကားဟောပြောခြင်းကို၊ ဓမ္မသဝနဓမ္မဒေသနာမှတ်၊ သမ္မာ ကမ္မန္တော ဟူသည်ကား၊ ပါဏာ.တိ.ပါ အဒိန္နာဒါန်၊ ကာမေသုမိစ္ဆာစာရ၊ ဟူသောကာယဒုစရိုက် ၃ ပါးမှကြဉ်ရှောင်ခြင်းသည်၊ သမ္မာကမ္မန္တမည်၏၊ ။စတိယာဂိဏာဝတ်၊ ဇာဒိယာဂိဏာဝတ်စသည်တို့ကို၊ ဝေယာဝစ္စမှတ်၊ သမ္မာအာဇိဝ ဟူသည်ကား၊ ဝစီဒုစရိုက်လေးပါး၊ ကာယဒုစရိုက် ၃ ပါးအားဖြင့်၊ ဒုစရိုက်ခုနစ်ပါးတို့ကို ဥစ္စာရှာကြောင်း၊အသက်သမျှအာကြောင်းသော်သည်း၊ မပြုမကျင့်ပဉ္စာအာဇိဝမှကြဉ်ရှောင်ခြင်းသည်၊ သမ္မာအာဇိဝမည်၏၊ တရားသဖြင့်ကုန်သွယ်ခဲ့ခြင်းသည်။ လောကီသမ္မာအာဇိဝမှတ်၊ ငင်စစ်မာဟုတ်၊ ဤသို့ရှစ်ပါးသော၊ မဂ္ဂင်နှင့်လျော်သော၊ အာဇိဝ ဋ္ဌမကသီသ ကို၊ မဂ်ဖိုလ်ကို လိုးသောသူတော်ကောင်းတို့သည် စောင့်ရှောက်ဆဲကုန်သောလျှင်ကတည်း၊

——:o:—

မဂ္ဂင်ရှစ်ပါးတွက်ပုံ။

တိဟိဇဝါစ၊ အာဇသောဝိယာဝိ၊ စဇွေဟိအဓိယော၊ အဋ္ဌဂီ

ကော မဂ္ဂေါသင်္ဂိတော၊ ယာစာဝုသောဝိသာခါ။ သမ္မာဝါစာ၊ယောစသမ္မာကမ္မန္တော၊ ယောစ။ သမ္မာအာဇီဝေါ၊ ဣုမေဓမ္မာသမ္မာဓိနာမေနဝုစ္စန္တိ။ ယောစသမ္မာဝါယာမော၊ ယောစသမ္မာသတိ။ ယောစသမ္မာသမာဓိ၊ ဣုမေဓမ္မာသမ္မာဓိနာမေနဝုစ္စန္တိ။ သင်္ခါရာ၊ယောစသမ္မာဉာဏံ။ ယောစ။ သမ္မာသင်္ကပ္ပေါ။ ဣုမေဓမ္မာပညတ္တန္တေသင်္ဂဟိတာတိ၊

အာဝုသောဝိသာခ၊ဒါယကာဝိသာခါ။အရိယော၊ မြတ်သောအဂီကော၊ဒုက် ၂ရှစ်ပါး ရှိသော၊မဂ္ဂေါ။မဂ်ကို၊ ခေါ့ကဲ့။ တိဟိခန္တေဟိ၊ သုံးပါးသောခန္ဓာတို့ဖြင့်၊ သင်္ဂဟိတော၊ ပေါင်းရုံးရေတွက်အပ်၏၊အဝုသောဝိသာခ၊ တကာဝိသာခါ။ ယောစ၊သမ္မာဝါစာ၊အကြင်သမ္မာဝါစာဇင်း၊ ယောစ၊ သမ္မာကမ္မန္တော။ အကြင်သမ္မာကမ္မန္တဇင်း၊ ယောစသမ္မာအာဇီဝေါ၊ အကြင်သမ္မာအာဇီဝတို့ အားဖြဲ့ဇင်း။ဣုမေဓမ္မာ။ ဤမဂ္ဂင် ၃ ပါးတို့ကို၊ သိသက္ခန္တေ။ သိသက္ခန္ဒာဒ္ဓါ။သင်္ဂဟိတာ။ ပေါင်းရုံးရေတွက်အပ်ကုန်၏၊ ယောစသမ္မာဝါယာမော။အကြင်သမ္မာဝါယာမဇင်း။ ယောစသမ္မာသတိ၊ အကြင်သမ္မာသတိဇင်း။ ယောစသမ္မာသမာဓိ။ အကြင်သမ္မာသမာဓိဇင်း၊ဣုမေဓမ္မာ။ ဤမဂ္ဂင်သုံးပါး၊တို့ကို၊ သမာဓိခန္ဓေ၊ သမာဓိခန္ဒာဒ္ဓါ။သင်္ဂဟိတာ၊ ပေါင်းရုံးရေငါးတွက်အပ်ကုန်၏။ ယောစသမ္မာဉာဏံ။ အကြင်သမ္မာဉာဏ်ဇင်း။ ယောစသမ္မာသင်္ကပ္ပေါ။ အကြင်သမ္မာသင်္ကပ္ပဇင်း။ ဣုမေဓမ္မာ။ ဤမဂ္ဂင်နှစ်ပါး၊တို့ကို၊ ပညတ္တန္တေ။ ပညတ္တန္ဒာဒ္ဓါ။ သင်္ဂဟိတာ၊ ပေါင်းရုံးရေတွက်အပ်ကုန်၏၊ ဣုအာရာဒ္ဓါ၊ ခန္ဓာသန္ဒါအပေါင်းအရာဖြစ်၏တဲ့ဟုပြည်၊

မူလပဏ္ဏာသစူဠဝေဒလ္လသုတ်၌ဟောတော်မူသည်၊

ကြေကြေပြာစာ

ရန်ကုန်မြို့၊ သိပ်ကြီးချုပ်ရံ၊ ဆိုင်နံပါတ်(၁၄-၁
ရတနာသီရိ စာအုပ်ဆိုင်ကြီးတွင်၊ စာအုပ်အမျိုးမျိုး-
လက်ကား အသင့်ရောင်းရန်ရှိ ၊ါသည်၊ အဝေးမှမြို့နေပိတ်
မှာထားပါက၊ (၀-၀-၀)ဖြင့်လုပ်၍၊ လိုသလောက်အမြန်ပ
ပါသည်၊

ခေါင်းတံဆိပ်-ဘုရားရှိခိုးအမျိုးမျိုးမှုပေါင်း ....
ဂုဏ်အာပါးစား ....
သင်္ကြိတ်ဘုရားရှိခိုး ....
ဥပုသ်စောင့်သိလေ့အဆိုပါလိပ်ထက်စွ ....
ဘုရားတံဆိပ်သင်္ကြိတ်ပါဠိနှင့်သင်္ကြိတ်သံပေါက်သင်္ကြိတ်
အဝေးအဖြေ ....
ထွန်ခေါင်ဆရာတော်ကမ္မဋ္ဌာန်သံပေါက်
အနာဂတဝင်ကျမ်း ....
ယာမမင်းထံအစစ်ခံသံပေါက်
ပရိဝိတ္တဒေလသုတ်
မြဝတီဆရာတော်ဘုရားကြီးငေါက်ရွတ်စဉ် ....
အစိုးကြွယ်သက်သုံးဝတ်ရွက်စဉ် ....
နိဗ္ဗာန်ဝင်လမ်းကမ္မဋ္ဌာန်း ....
ဂုဏ်ရောဟုဆာရွတ်ခန်းခါတ်ကမ္မဋ္ဌာန်း ....
ခန္ဓာငါးပါးကမ္မဋ္ဌာန်း ....
မသာသွားခန်းကမ္မဋ္ဌာန်း ....
ဆရာတော်-ဦးဇင်္ဂဗပရိတ်ကြီးနိဿ ....